
စုညခင်စာအုပ်တိုက်
ပုညခင်
မဒူးဖြစ်ခဲ့သော
နှင်းဆီဖြူ
အုပ်၈၀ပြည့် အမှတ်တရ
NYI NYI

## ချစ်စွာသော ပရိသတ်များသို့
## စာရေးသူ၏ အုပ် ၈၀ ပြည့် အမှတ်တရစကား

မယုံနိုင်စရာပါပဲ…

အုပ် ၈၀ အထိတောင် ကျွန်မ ဖြတ်သန်းနိုင်ခဲ့ပါပြီ..၊

ဒါဟာ ပရိသတ်တွေရဲ့ လက်ခံအားပေးမှုကြောင့်ဆိုတာ ကျွန်မ မမေ့မလျော့ ကျေးဇူးတင်လျက်ပါ..။

ကျွန်မရဲ့ ပရိသတ်တွေလည်း ကျွန်မကြောင့် ပြုံးတစ်ခါ မဲ့တစ်လှည့် ဖြစ်ခဲ့ရမှာပါ။ ကျွန်မက ပျော်စရာဇာတ်လမ်းတွေ တစ်လှည့်ရေးလိုက်… ဝမ်းနည်းစိတ်မကောင်းစရာလေးတွေ ရေးလိုက်နဲ့ ကျွန်မ ပရိသတ်အတွက် ရသစုံစုံဖြစ်အောင် ရေးဖြစ်ခဲ့တာကိုး..။

ရယ်စရာ ဇာတ်လမ်းတွေ ရေးတဲ့အခါ..ရေးတဲ့ ကျွန်မလည်း ပျော်ရွှင်ရသလို ဖတ်တဲ့ ပရိသတ်တွေလည်း ပျော်ရွှင်လိမ့်မယ်လို့ မျှော်လင့်ပါတယ်။

ဝမ်းနည်းစရာလေးတွေ ရေးမိရင်လည်း ရေးတဲ့ ကျွန်မကိုယ်တိုင် ဝမ်းနည်းရသလို ဖတ်တဲ့သူတွေလည်း စိတ်မကောင်းဖြစ်ကြရမယ် ထင်ပါတယ်။

ကျွန်မနဲ့ ထပ်တူထပ်မျှ ခံစားပေးတဲ့ ကျွန်မရဲ့ ပရိသတ်ကို ကျေးဇူးတင်ပါတယ်။

ကျွန်မဆီ ဆက်ကြတဲ့ ပရိသတ်တွေရဲ့ ဖုန်းကို တက်နိုင်သမျှ လက်ခံပြောပေမယ့် ကျွန်မ စာရေးနေတဲ့ အချိန်တွေမှာ လက်ခံမပြောဖြစ်တဲ့ ဖုန်းတွေနဲ့ မပြန်ဖြစ်သေးတဲ့ စာတွေအတွက်တော့ ကျွန်မ ပရိသတ်ကို

နားလည်ပေးဖို့ တောင်းပန်ချင်ပါတယ်။ အဲ့ဒီပျက်ကွက်မှုတွေကို အလျော်ပေးတဲ့အနေနဲ့ ကျွန်မရဲ့ ဝတ္ထုတွေကို ကောင်းသထက်ကောင်းအောင် ကြိုးစားရေးသားပေးပါ့မယ်။

ကျွန်မရဲ့ ဝတ္ထုတွေကို အုပ် ၈၀ ပြည့်က စပြီး ကျွန်မရဲ့ ပုညခင် စာအုပ်တိုက်မှသာ ဆက်တိုက်ထုတ်ဝေဖြန့်ချိသွားမှာ ဖြစ်ပါတယ်..

ပုံမှန် လစဉ် ဝယ်ဖတ်ချင်သော်လည်း ဝယ်ဖို့ လက်လှမ်းမမီ၊ မအားလပ်တဲ့ ကျွန်မရဲ့ ပရိသတ်များအနေနဲ့လည်း ကျွန်မရဲ့ စာအုပ်တိုက်ကို ဆက်သွယ်ခဲ့ရင် စာတိုက်မှတစ်ဆင့် ပို့ပေး သွားမှာဖြစ်ပါတယ်။

ဝေးလံခေါင်ဖျား ဒေသများဆီက ကျွန်မရဲ့ စာအုပ်ကို ဖတ်ချင်ပါလျက် အခက်အခဲ တစ်စုံတစ်ရာကြောင့် ဖတ်ခွင့်မရခဲ့ဖူးဆိုရင်လည်း အကျိုးအကြောင်း ခိုင်လုံခဲ့ရင် မေတ္တာနဲ့ ပေးပို့ ပေးမှာဖြစ်ပါတယ်။

ဝေဖန် အကြံပြုစာများကို ကြိုဆိုပါတယ်။ ကျွန်မရဲ့ ပင်တိုင် စာဖတ်ပရိသတ်များကိုလည်း အခါအားလျော်စွာ ကျွန်မနဲ့အတူ စုစည်းတွေ့ဆုံသွားပါမယ်။

မကြာခင် ကျွန်မ စီစဉ်တဲ့ လုံးချင်းဝတ္ထုများကိုလည်း ကျွန်မရဲ့ စာအုပ်တိုက်မှ ထုတ်ဝေဖြန့်ချိသွားမှာ ဖြစ်ပြီး အနယ်နယ် အရပ်ရပ်က အရည်အချင်းရှိတဲ့ စာပေဝါသနာရှင်များကို စုစည်းပျိုးထောင် ထုတ်ဝေသွားဖို့ အစီအစဉ်ရှိပါတယ်။

ပရိသတ်ရဲ့မေတ္တာနဲ့ ကျွန်မ ယခုတိုင် ရပ်တည် ရှင်သန်ဆဲဖြစ်တဲ့အတွက် ပရိသတ်များ အားလုံးကို ချစ်ခင်စွာ ကျေးဇူးစကား ဆိုရင်း အုပ် ၈၀ ပြည့် အမှတ်တရအဖြစ် နှုတ်ခွန်းဆက်သလိုက်ရပါတယ်။

ပုညခင်

(၁)

"နွယ်နှင်းဆီ.."။

သမီးနာမည်က "နွယ်နှင်းဆီ" ပါ..။

မိန်းကလေးဆိုတာ နွယ်လိုတွယ်တတ်ပြီး နှင်းဆီလို မွှေးပျံ့လှပပေမယ့် ကိုယ့်ကိုယ်ကို ကာကွယ်နိုင်တဲ့ ဆူးတော့ရှိရမယ်ဆိုတဲ့ အဓိပ္ပာယ်နဲ့ ဘွားဘွားက ပေးခဲ့တဲ့ နာမည်ပါ..။

ဘွားဘွားက နွေးထွေးနူးညံ့သူပါ။ မယ်မယ်ကတော့ သိမ်မွေ့သယောင်နဲ့ မာကျော ခက်ထန်သူမျိုးပါ။ မယ်မယ်ကတော့ ဘွားဘွားပေးတဲ့ နာမည်ကို သဘောမကျဘူးလို့ ပြောပါတယ်။ မယ်မယ့် သဘောသာဆို သမီးကို "ဆူးနှင်းဆီ" လို့ နာမည်ပေးချင်ခဲ့တာပါတဲ့..။ ဒါပေမယ့် မယ်မယ်က သမီးကို "သမီးချော" လို့ပဲ ခေါ်ပါတယ်။

မယ်မယ့် နှလုံးသားမှာ ဆူးတွေရှိတယ်လို့ သမီးထင်ပါတယ်။ မယ်မယ်က အချစ်ကို မယုံကြည်ဘူးလို့ အမြဲပြောတတ်ပါတယ်။ သမီးကိုလည်း ယောကျ်ား တစ်ယောက်ယောက်ကို မချစ်မိဖို့ သွန်သင်တတ်ပါတယ်။ အချစ်ဆိုတာ မကောင်းဘူးတဲ့။ မီးနဲ့တူတယ်တဲ့။ သူ့ကိုသွားထိမိရင်း မအေးချမ်းတော့ဘူးတဲ့၊ လူကို လောင်ကျွမ်းပြာကျသွားစေတယ်တဲ့..။

မယ်မယ် ပြောတာ ဟုတ်မှာပါ။ သမီး မယ်မယ့်ကို ယုံပါတယ်. .. ။ မယ်မယ်က သူ့ချစ်သမီးလေးကို မဟုတ်တာတော့ ဘယ်ပြောမလဲ..။

သမီးလည်း အချစ်ဆိုတာကို စိတ်မဝင်စားပါဘူး။ တစ်ခါမှလည်း မတောင့်တမိပါဘူး။ အချစ်ကိစ္စမရှိဘဲလည်း သမီးဘဝ အဆင်ပြေပါတယ်။

အေးချမ်းပါတယ်။ လုံခြုံပါတယ်။စိတ်ချမ်းသာရပါတယ်။ သမီးဘဝက ပြီးပြည့်စုံတယ်လို့ ထင်ပါတယ်။

သမီးဘဝမှာ စိတ်ဆင်းရဲစရာ ဘာတစ်ခုမှ မရှိခဲ့ပါဘူး။မယ်မယ်က သမီးကို ချစ်တယ်။ သမီးလည်း မယ်မယ့်ကို ချစ်တယ်။ မယ်မယ်က စကားနည်းပြီး အေးစက်ပေမယ့် သမီးကို ကြည့်တဲ့ အကြည့်တွေကတော့ အမြဲနွေးပါတယ်။

တကယ်တော့ ဘွားဘွား သွန်သင်ခဲ့တဲ့အတိုင်း သမီးကြီးပြင်းလာခဲ့ရတာပါ...။ ဘွားဘွားက မိန်းကလေးဆိုတာ သွားတာလာတာ နေတာထိုင်တာ ညင်သာသိမ်မွေ့ရမယ်လို့ ဆုံးမပါတယ်။ အပြော အဆို နူးညံ့ရမယ်လို့ တဖွဖွ ပြောပါတယ်။ ဘွားဘွားစကားကို နာခံခဲ့တဲ့ သမီးဟာ ဘွားဘွားဖြစ်စေချင်တဲ့အတိုင်း ညင်သာသိမ်မွေ့သူတစ်ယောက် ဖြစ်လာခဲ့ပါတယ်။

သမီး စကားကျယ်ကျယ် မပြောတတ်ပါဘူး။ လမ်းမြန်မြန် မလျှောက်တတ်ပါဘူး။ ဟိုဟိုဒီဒီ မျက်စိ မကစားတတ်ပါဘူး။ သမီး အားရင် ဘုရားစာရွတ်ရင်း သိုးမွေးထိုးနေပါတယ်။ ပန်းအိုးအလှ ထိုးနေပါတယ်။ ပန်းတွေကို သမီး ချစ်ပါတယ်။ သမီးမှာ ဒေါသလည်း မရှိပါဘူး။ အိမ်မှာ သမီး ငယ်ငယ်ကတည်းက အတူနေခဲ့တဲ့ သမီးရဲ့ နာနီ ဒေါ်လေးရှင်နဲ့ ဒေါ်လေးရှင်ရဲ့ခင်ပွန်း ခြံစောင့်ကြီး ဦးမင်းခိုင်တို့ကလည်း သမီးကို အမြဲ ကြင်ကြင်နာနာ ဆက်ဆံပါတယ်။ လိုလေသေးမရှိအောင် ပြုစုစောင့်ရှောက်ကြပါတယ်။

မေမေရှင်ကတော့ သမီးကိုကြည့်ပြီး ဒီလို အမြဲပြောပါတယ်..။

“သမီးချော လမ်းလျှောက်လာတဲ့ ပုံကို ကြည့်ရင်း ရွှေ့မှရွှေ့ရဲ့လားလို့တောင် ထင်ရတယ်ကွယ်၊ အဲဒီ လောက် သိမ်မွေ့နူညက်နေဖို့ မလိုပါဘူး။ အသက်က ငယ်ငယ်လေးပဲ ရှိသေးတာ လူငယ်လို ပေါ့ပေါ့ပါးပါး နေပေါ့ကွယ်၊ ခုတော့ ကြည့်လိုက်ရင် အသက်မရှိသလိုလေး ငြိမ်နေတယ်၊

ကြည့်ရတဲ့သူတောင်မှ ပျင်းလာရတယ်…”

ဦးဦးခိုင်ကလည်း မေမေရှင့် စကားကို ထောက်ခံပါတယ်။

“အေးလေကွယ်..သမီး အမေတို့ အဘွားတို့ကလည်း ကလေးကို ဘယ်လိုအုပ်ထိန်းတယ် မသိပါဘူး။ အသက်ပဲ ၂၀ ကျော် အစိတ်ပိုင်း ရောက်လုနီးနေပြီ။ ခုထိ ဘာမှ မသိတဲ့ ကလေးလေးလို နေနေတာ မဟုတ်သေးပါဘူး”

“ဟုတ်ပ့ါဟယ်..သမီးချောမှာ အပေါင်းအသင်း သူငယ်ချင်းလည်း မရှိ။ ဒီအရွယ်အထိ အချစ်ဝတ္ထုတို့ ရုပ်ရှင်တို့လည်း မဖတ်ရ၊ မကြည့်ရ…၊ အချစ်သီချင်းတောင် နားမထောင်ရဆိုတော့ မခက်ဘူးလား”

“မစောနန်း စိတ်ကလည်း တစ်မျိုးပဲကိုး”

ဦးဦးခိုင်က ပြောရင်း သက်ပြင်းချတယ်။ မေမေရှင်ကတော့ ဘေးဘေးဘီဘီမှာ မယ်မယ် ရှိမရှိ လှည့်ပတ်ကြည့်လိုက်တယ်။ ပြီးတော့ ကျွန်မနားကပ်လာပြီး တိုးတိုးလေး ပြောတယ်။

“သမီး..လူဆိုတာ ပတ်ဝန်းကျင်နဲ့ ထိတွေ့မှု ရှိရတယ်ကွယ့်..၊ သမီး အပြင်ထွက်ချင်ရင် ပြော မေမေရှင် သမီး မယ်မယ် မသိအောင် ခေါ်သွားပေးမယ်..”

သမီး ညင်ညင်သာသာ ခေါင်းခါပြလိုက်တယ်။

“ဟင့်အင်း..မယ်မယ် မသိဘဲ သမီး၊ ဘာမှမလုပ်ချင်ပါဘူး၊ သမီး မယ်မယ်နဲ့အတူ တစ်ခါတလေတော့ အပြင်ထွက်ခွင့် ရနေတာပဲ”

“ဒါပေမယ့် သမီး သွားခွင့်ရတာ က ဘုရားတစ်ခုတည်းကိုပဲလေ၊ ကားပေါ်တက် ဘုရားရောက် ဘုရားရှိခိုးပြီး ပြန်လာရုံပဲ မဟုတ်လား၊ လောကကြီးမှာ စိတ်ဝင်စားစရာတွေ အများကြီး သမီးရဲ့..၊ ဒီအရွယ် လူတစ်ယောက် သိသင့်သိထိုက်တာတွေကို သိသင့်တယ်၊ ဒီအသက်အရွယ်မှာ ရှိသင့်ရှိထိုက်တဲ့

အကြားအမြင် ဗဟုသုတ ရှိရမယ်”

“ဒီတိုင်းလေး နေရတာ လည်း သမီး ပျော်ပါတယ် မေမေရှင်ရယ်..”

သမီး လက်မခံတော့ မေမေရှင် လက်လျှော့သွားတယ်။ သမီးကိုလည်း သနားတဲ့အကြည့်မျိုးနဲ့ ကြည့်တယ်။ မေမေရှင်တို့တွေ သမီးကို ဘာကြောင့် သနားမှန်း သမီး မသိဘူး။ သမီးက သနားစရာဖြင့် မကောင်းဘဲနဲ့လေ။

သမီးဘဝက ပြည့်စုံသားပဲ။ သမီးတို့ ခြံကြီးကလည်း အကျယ်ကြီးပဲ။ အိမ်ကြီးကလည်း ခမ်းနားတယ်။ ငွေရေးကြေးရေးလည်း မပူရဘူး။ မယ်မယ် ပိုင်တဲ့ ခြံနဲ့ အိမ်တွေကို ငှားလို့ရတဲ့ ပိုက်ဆံတောင် တစ်လ တစ်လ မနည်းဘူး မယ်မယ်က သမီးအတွက် အဝတ်အစား သစ်တွေ အမြဲ ဝယ်လာပေးတော့ သမီး ဈေးဝယ်ထွက်စရာလည်း မလိုတော့ဘူး။

အဝတ်အစား ဆန်းဆန်းပြားပြားတွေတော့ သမီးမဝတ်ပါဘူး။ ပိုးပျော့အကျႌ ရင်ဖုံးကလေးတွေနဲ့ ဗမာလုံချည်လေးတွေပဲ မယ်မယ်က ချုပ်ပေးတယ်၊ သမီး ဆံပင်တွေက ခြေသလုံး အလယ်နားလောက်ထိ ရှည်နေတော့ ဆံပင်ကို နှစ်ပတ်လျှိုလေး ထုံးပြီး ချထားရတယ်။ သမီး ဆံပင်ရှည်တွေနဲ့ပ ဗမာဆန်ဆန် အဝတ်အစားနဲ့ပဲ လိုက်ဖက်ပါတယ်။

သမီးကို တွေ့ဖူးတဲ့ လူတိုင်းက “လှတယ်” လို့ ပြောကြတယ်။ မှန်ရှေ့မှာရပ်မိတိုင်း မြင်ရတဲ့ သမီးပုံရိပ်ကိုလည်း သမီး သဘောကျပါတယ်။ သမီးဆံပင်တွေက ဖြောင့်စင်းအိတွဲ နက်မှောင်နေတယ်။ တယုတယ ဂရုစိုက်စရာမလိုဘဲနဲ့ သဘာဝ အတိုင်း လှပါတယ်။ အလှပြင်ဆိုင်ကို သမီး မရောက်ဖူးဘူး။ သမီးဆံပင်တွေကို ညှပ်စရာမလိုဘူးလေ။ အရင်တုန်းကတော့ မယ်မယ်က သမီးနဖူးပေါ်က ဆံပင်တိုလေးတွေကို ညှပ်ပေးတယ်။ နောက်ဘက်က ဆံပင်တွေကို တိပေးတယ်။ နောက်တော့ ရှေ့ဆံပင်တွေကို အရှည်ထားပြီး တိပေးတယ်။ နောက်တော့ ရှေ့ဆံပင်တွေကို အရှည်ထားပြီး နောက်နဲ့

တညီတည်းဖြစ်အောင် ထားလိုက်တော့တယ်။ ဒါလည်း မယ်မယ့် ဆန္ဒပါ။ မယ်မယ်ကောင်းတယ်လို့ ပြောသမျှကို သမီး နာခံနေကျပဲလေ..။

သမီး ဆံပင်တွေကို ဖြန့်ချထားလေ့ မရှိပါဘူး။ မယ်မယ်က ဆံပင်ဖားလျား ဖြန့်ချထားတာ ကျက်သရေမရှိဘူးတဲ့။အပူသည်နဲ့ တူတယ်တဲ့။ ဒါကြောင့် သမီး ဆံပင်တွေကို နဖူးပေါ်မှာ ဆံပင် စတစ်မျှင်မကျအောင် အပြောင်သိမ်းထားရတယ်။

သမီးရဲ့ မျက်ခုံးနက်နက်၊ မျက်ဝန်းအိမ်ကျယ်ကျယ်က မယ်မယ်နဲ့ တစ်ပုံစံတည်းပဲ။အသား ဝါဝင်းတာကလည်း မယ်မယ်နဲ့ တူတယ်။ မယ်မယ်နဲ့ တူတဲ့ အဆင်းရှိတာကို သမီး သဘောကျမိတယ်။

အလှရော၊ ဓနရော... စိတ်ချမ်းသာမှုရော အားလုံးပြည့်စုံနေတဲ့ သမီးကို မေမေရှင်တို့ ဘာ့ကြောင့် သနားရတယ်ဆိုတာ သမီးဖြင့် မစဉ်းစားတတ်အောင်ပါပဲ..။

အိမ်မှာ မေမေရှင်က သမီးကို သူ့သမီးကလေးလို သဘောထားပေမယ့် မယ်မယ့်ကို လွန်ဆန်ပြီး သမီးဘဝကို စီမံဖို့ အခွင့်မရှိရှာဘူး။

တစ်ခါတုန်းကတော့ မေမေရှင်နဲ့ ဦးဦးခိုင်တို့နှစ်ယောက် ခြံထဲမှာ စကားပြောနေကြတာကို သမီး ကြားဖူးတယ်။

"သူ့စိတ်က ပုံမှန်မှ မဟုတ်တာ..။ စိတ်မမှန်တဲ့ အမေရဲ့ နည်းမမှန်တဲ့ အုပ်ထိန်းမှုအောက်မှာ နေရရှာတဲ့ သမီးချောကို ကျွန်မ သိပ်သနားတာပဲ ကိုမင်းခိုင်ရယ်၊ ကျွန်မလေ မစောနန်းကို သည်းညည်းခံပြီး ဒီအိမ်ကြီးမှာ ဆက်နေဖြစ်တာ သမီးလေး သံယောဇဉ် ကြောင့်ပါ၊ သမီးဟာ ကျွန်မဝမ်းနဲ့ လွယ်မမွေးခဲ့ရရုံ တမည်ပါပဲ၊ သမီးသာမရှိရင် ကျွန်မတို့ လင်မယား ဒီကထွက်သွားပြီး ကိုယ့်ဘာသာ တစ်ဝမ်းတစ်ခါး လုပ်ကိုင်စားသောက်လို့ ရပါတယ်၊ ထမင်းတော့ မငတ်ပါဘူး၊ ကျွန်မမှာ ကလေးလည်း မမွေးနိုင်တော့ ဒီကလေးကို

သမီးရင်းနေရာမှာ ထားပြီး တွယ်တာနေခဲ့ရတာ ပါ”

အဲဒီ တုန်းက အမေရှင် သမီးအပေါ်ထားတဲ့ သံယောဇဉ်ကို သိပြီး သမီး မျက်ရည်ဝဲတဲ့အထိ ကြည်နူးရပါတယ်။ ဒါပေမယ့် မယ်မယ့်ကို စိတ်မမှန်ဘူးလို့ ပြောတာကိုတော့ သမီး သိပ်သဘော မပေါက်ဘူး။ သမီးအမြင်တော့ မယ်မယ်က ပုံမှန်ပါပဲ။

သမီးကတော့ မယ်မယ်နဲ့ နေရတာ ပျော်တယ်…။ မယ်မယ့် စကားကို နားထောင်တယ်။ အပြင်မထွက်နဲ့ဆို မထွက်ဘူး။ ရုပ်ရှင်မကြည့်ရလည်း ကိစ္စမရှိဘူး။ လူတွေနဲ့ အရောတဝင် မနေရလည်း မပျင်းဘူး။ ပူပင်စရာမရှိ၊ စိတ်ဆင်းရဲစရာ မရှိ..။ နာကျင် တမ်းတစရာ အတိတ်တွေလည်း မရှိဘဲ ဒီဘဝကြီးမှာ သမီး အေးအေးချမ်းချမ်း ဖြတ်သန်းနေထိုင်ခဲ့ရပါတယ်။

*****

## အပိုင်း (၁)

### (၁)

“သား…မျိုးဂုဏ်ရောင်..”

အားလုံး တိတ်ဆိတ်နေကြသော အခန်းထဲမှာ ဖေဖေ့အသံတိုးတိုးလေးက ဟိုး ရင်ခေါင်းထဲက မချိမဆံ့ တိုးထွက်လာသည်။ ဂုဏ်ရောင်က ဖေဖေ့မျက်နှာနားသို့ ပိုတိုးကပ်သွား လိုက်သည်။ အေးစက်စက် ဖေဖေ့လက်တွေကို ဆုပ်ကိုင်ထားလိုက်သည်။

ဒါ..ဖေဖေ့ရဲ့ နောက်ဆုံးအချိန်ပါ။

ဖေဖေ့ရောဂါဟာ လွယ်လွယ်ပြောရရင် အသည်းခြောက်တဲ့ရောဂါပင်..။

ဂုဏ်ရောင် သိတတ်ပါပြီ ဆိုကတည်းက ဖေဖေ့ အရက်မူးနေသော ပုံနှင့် ရင်းနှီးလာခဲ့ပြီးနောက် နှစ်များစွာ အကြားမှာ ဖေဖေဟာ အသည်းရောဂါရဲ့ နှိပ်စက်မှုကို ခံခဲ့ရသည်။ ခုတော့ ဆရာဝန်က ပင်လက်လွှတ်ရသည့်အချိန်ကို ရောက်ခဲ့ပြီ...။

ဖေဖေ့ နံဘေးမှာ ဆွေမျိုးတွေး ဝိုင်းအုံနေကြသည်။ ရှိုက်သံ တချို့တလေပင် ဟိုကသဲ့သဲ့ ဒီကသဲ့သဲ့ ထွက်ပေါ်စပြုပြီ..။

ဖေဖေဟာ နောက်ဆုံးအနေနှင့် ဂုဏ်ရောင့်ကို တစ်စုံတရာ ပြင်းပြစွာ ပြောလိုဟန်ရှိသည်။ ဂုဏ်ရောင်က ရင်ထဲဆို့လာသော်လည်း မငိုမိအောင် ထိန်းရင်း ဖေဖေ့လက်ကို ဖွဖွ ဆုပ်ကိုင်ထားချိန်တွင် ဂုဏ်ရောင် နံဘေးမှာ ရှိနေသည့် ဂုဏ်ရောင့်ချစ်သူ "မိုးမခခိုင်"ကလည်း ဂုဏ်ရောင် ပခုံးကို ခပ်ဖိဖိ တစ်ချက်ဆုပ်၍ နှစ်သိမ့်ပေးလိုက်ပါသည်။

"မောင်ဆွေမျိုး..မောနေပ့ါမယ်ကွယ်"

ကြီးကြီးက ရှိုက်သံတစ်ဝက်နှင့် ဝင်ပြောပေမယ့် ဂုဏ်ရောင်ကတော့ ဖေဖေ့ ပြောချင်တာကို ရိပ်မိကာ..

"ဖေဖေ ပြောစရာရှိလို့ နေမှာပါ၊ ပြောပါစေ ကြီးမေ၊ ဖေဖေ..သား နားထောင်နေပါတယ်၊ ပြောပါ.."

"ဟို..ဒိုင်..ဒိုင်.."

ဖေဖေ့စကားက တစ်ဝက်တစ်ပျက် ဆတ်တငံ့ငံ့ရပ်သွားသည်။

"ဘာ..ဘာတဲ့..ဒိုင်..ဆိုလား..."

"ဘာဒိုင်လဲ..ဘာဒိုင်လဲ.."

အားလုံးဟာ ဖေဖေ့ နောက်ဆုံးအချိန်မှာ နှမျောကြေကွဲနေသည့် ကြားကပင် မိန်းမပီပီ စပ်စုချင်စိတ်ကလေးနှင့် တစ်ယောက်တစ်ပေါက်

အသံတွေထွက်လာသည်။ ဂုဏ်ရောင်တို့ ဆွေမျိုးစုမှာက အပျိုကြီး၊ မုဆိုးမ..စသဖြင့် မိန်းမအင်အားက အများသားပင်။

ဖေဖေက ဆက်မပြောနိုင်ဘဲ မောနေသည်။ စောစောက "မောင်ဆွေမျိုး မောနေပ့ါမယ်"ဟု ပူပန်တကြီး တားမြစ်ထားသော ဒေါ်လေးအိမ်သူကပင် သိချင်စိတ်ဖြင့် ဖေဖေ့ နှုတ်ခမ်းပွင့်ဟအလာကို စိုက်စိုက်ကြီး ငြိမ်ကြည့်နေသည်။

"ဒိုင်..ဒိုင်.."

ဒိုင်..တဲ့။ ဖေဖေ့ စကားဟာ ထိုတစ်လုံးတည်းသာ ထပ်နေသည်။

"ဒိုင်..."

တစ်လုံးတည်းပြောပြီး ရပ်သွားပြန်သည်။ ဆွေမျိုးတစ်စုဟာ ဝမ်းနည်းကြေကွဲနေတာကိုပင် ခဏ မေ့လျော့နေသလားမသိ၊ ဖေဖေ့ နောက်ဆုံးစကားလေးကိုသာ အာရုံအစိုက်ကြီး စိုက်နေကြသည်။ အဆုံးထိ ပြောမသွားဘဲ ဘာမှန်းမသိသည့် "ဒိုင်" တစ်လုံးတည်းဖြင့် ရပ်တန့်သွားမည်ကို မလိုလား။ မောမှာစိုးလို့ လုံးဝမပြောချင်ရင်နေ၊ ပြောမယ့်ပြော အပြည့်အစုံကလေးတော့ ပြောသွားစေချင်သေးသည်။ နို့မို့ဆို ဒီ "ဒိုင်" တစ်လုံးကို အားလုံးက အမျိုးမျိုး အဓိပ္ပာယ်ဖွင့်ဆို ကောက်ချက်ဆွဲပြီး သို့လော သို့လော ကျန်ရစ်ရပေမည်။

"ကိုဆွေမျိုး..ပြော၊ ပြောလေ..၊ ဒိုင်ဆိုတာ ဘာလဲ..ဘာဒိုင်လဲ.."

"ဟဲ့..အတင်းမမေးပါနဲ့တဲ့၊ မောနေပါဦးမယ်"

"အို..သူပြောချင်တာ မှာချင်တာလေးတော့ မှာခဲ့ပါစေပေ့ါ.."

"ဒိုင်လို့ ပြောတာရော ဟုတ်ရဲ့လား နားကြားများ မှားသလား"

"ခိုင်လို့ ပြောတာထင်တယ်၊ မိုးမခိုင်နဲ့ လက်ထပ်ဖို့ ဂုဏ်ရောင့်ကို မှာချင်တာများလား"

ရှိုက်ခံလေးတွေ ခဏတိတ်သွားပြီး အားလုံးဟာ ခုတင်နားသို့ ပိုတိုးကပ်ဝိုင်းအုံလာသည်။ အားလုံးရဲ့ အာရုံဟာ ဦးဆွေမျိုးရဲ့ နှုတ်ခမ်းပေါ်မှာ…

"ဒိုင်…"

"ဟော..ဒိုင်ပြန်ပြီ၊ ဒိုင်တဲ့ဟဲ့ သေချာတယ်၊ ခိုင်မဟုတ်ဘူး"

"ဟဲ့..ကုန်စည်ဒိုင်ကိစ္စတွေ မပြတ်သေးလို့များလား"

"ဟုတ်မယ်..ဟုတ်မယ်၊ ကုန်စည်ဒိုင်ကို ပြောချင်တာ ဖြစ်မယ်"

"သူ့ပိုက်ဆံအကြွေးတွေ ရစရာ ကျန်သေးလို့ ဖြစ်မယ်"

"ဘယ်လောက်တောင် များလို့ သူ ပြောခဲ့ချင်တာလဲ"

"များလိမ့်မယ် ၊ များလိမ့်မယ်၊ တော်ရုံဆို ဒီအချိန်မှာ ဘယ်ပြောမလဲ၊ သူရစရာရှိတာတွေ သူ့သားကို ရစေချင်လို့သာ အားယူပြောနေရတာ ၊ သေချာနားထောင်၊ သူ့ပါးစပ်နားမှာ နားရွက်ကပ်ပြီး နားထောင်"

မိုးမခခိုင်မှာ ချစ်သူအတွက် ချစ်သူရဲ့ အဖေအတွက် နောက်ဆုံးအချိန်လေးမှာ စိတ်မကောင်းဖြစ်နေရာကနေ ဂုဏ်ရောင်တို့ ဒေါ်ကြီး၊ ဒေါ်လေး အပါအဝင် ဆွေမျိုးတစ်စုရဲ့ စကားတွေကြောင့် ရယ်ချင်သလိုပင် ဖြစ်လာရပါသည်။

ဂုဏ်ရောင့်အဖေဟာ စီးပွားရေးလုပ်ရာမှာ တော်ပေမယ့်လည်း အရက်လေးတမြမြနှင့် ခပ်ရွှတ်ရွှတ် လူကြီးတစ်ဦးဆိုတာတော့ ခက သိထားပါသည်။ ဂုဏ်ရောင်ကတော့ သားလိမ္မာလေးမို့ အဖေဘာလုပ်လုပ်၊ ခွင့်လွှတ်ချစ်ခင်တတ်သူပင်။ ဂုဏ်ရောင်မှာက အမေရှိသူ မဟုတ်။ ဒေါ်ကြီး ဒေါ်လေးနှင့်တကွ ဝမ်းကွဲအစ်မတွေ အပါအဝင် အဖျားအနား တော်စပ်သမျှ ဆွေမျိုးတစ်စုကိုသာ ခင်တွယ်ရရှာသူပင်။

ဂုဏ်ရောင် အမျိုးတွေအားလုံးဟာ ဦးဆွေမျိုးကို

သိပ်ကြည့်ရလှတာမဟုတ်ပါ။ ဂုဏ်ရောင်နှင့် အတူနေ အဒေါ်တွေဟာလည်း အဒေါ်ရင်း မဟုတ်။ ဝမ်းကွဲတွေသာ။ ဒီအဒေါ်တွေဟာ ဦးဆွေမျိုးအပေါ်မှာသာ မှီခိုနေကြရသူများပင်။ မှီခိုရလို့သာ ဦးဆွေမျိုးအပေါ် အလွန်ဆန်ဝံ့၊ ဩဇာ မညောင်းသော်လည်း ဦးဆွေမျိုးရဲ့ အရက်မူးပြီး ပတ်ရမ်းတတ်သော အကျင့်၊ ဒေါသကြီးတတ်သော စရိုက်တွေကို မနှစ်မြို့နိုင်ကြသူများသာ။ ဂုဏ်ရောင့်ကိုတော့ မိတဆိုးလေး ရယ်လို့ ချစ်ခင်ကြရှာပါသည်။

ဒါတွေကို ခ ချစ်သူ ဂုဏ်ရောင် စကားတွေကို နားထောင် ဆက်စပ်ကြည့်ရင်း ခ က သဘောပေါက်သည်။ ပြီးတော့ ဂုဏ်ရောင့်အဖေ ဦးဆွေမျိုးဆိုတာ မန္တလေးမြို့ပေါ်မှာတော့ မသိသူ အရှားသား။ဂုဏ်ရောင် ငယ်ငယ်က ဖားကန့်ဘက် တက်သွားပြီး ကျောက်အောင်လာခဲ့ပြီး နောက် စီးပွားတွေ တစ်ဟုန်ထိုးတက်တာ ပွဲရုံတွေနှင့် စူပါမတ်ကတ်တစ်ခုကို အောင်အောင်မြင်မြင် ဖွင့်ထားနိုင်သည်။ ခုတော့…စူပါမတ်ကတ်ကို ဂုဏ်ရောင်က ဦးစီးနေတာပင်။

ခနဲ့ ဂုဏ်ရောင်တို့ ချစ်သူ ဖြစ်နေကြတာကို ဂုဏ်ရောင် ဖေဖေလည်း သိသည်။ ခတို့ တွဲလာတာ သုံးနှစ်ကျော်လောက်တောင် ရှိခဲ့ပြီမို့ ဂုဏ်ရောင်တို့ ဆွေမျိုးတစ်စုဟာလည်း ခ ကို ဂုဏ်ရောင့်ချစ်သူအဖြစ် အသိအမှတ်ပြုထားကြသည်။ ခက ဂုဏ်ရောင်တို့အိမ်ကို ဝင်ထွက်သွား လာနိုင်သည်။ ဂုဏ်ရောင့် ဖေဖေဦးဆွေမျိုးကတော့ ခကို ကြည်ဖြူတယ်လည်း မဟုတ်၊ မလိုလားဟန်လည်း မပြ။ ပုံမှန်လောက်သာပင်..။

ခုလို ဂုဏ်ရောင့် ဖေဖေရဲ့ သေလုမျောပါး နောက်ဆုံးအချိန်မှာတော့ ခက ဂုဏ်ရောင့် ကြေကွဲမှုကို နှစ်သိမ့်အားပေးဖေးမဖို့ ဂုဏ်ရောင်နှင့်အတူ ရှိနေခဲ့တာပင်…။

“သား…သား..အဖေ့..အဖေ့..”

ဦးဆွေမျိုးရဲ့ အသံဟာ တိုးရာကနေ အမောတကော

ကျယ်လိုက်လာကာ..

“ဖေဖေ့ ဒိုင်ယာရီကို ဖတ်ပါ”

“ဩော်...ဒိုင်ယာရီကို ပြောတာပဲ..၊ ဒိုင်ယာရီတဲ့”

အရှေ့ဆုံးက ဂုဏ်ရောင့် အဒေါ်တစ်ယောက်က နောက်က ဆွေမျိုးတွေဆီ သတင်းလှမ်းပို့ လိုက်သည်။

ဂုဏ်ရောင်သည် မောလိုက်နေသော ဖေဖေ့ကို စိုက်ကြည့်ရင်း ခေါင်းတဆတ်ဆတ် ညိတ်ပြသည်။

“ဟုတ်ကဲ့..ဖတ်ပါ့မယ် ဖေဖေ”

“ပြီး...ပြီးတော့..ယူ..ယူ..”

ဦးဆွေမျိုးရဲ့ စကားက ဆတ်တငံ့ငံ့ ရပ်သွားပြန်သည်။ ရပ်သွားတာမှ အကြာကြီး..။ တော်တော်နဲ့ အသံထွက်မလာတော့ဘဲ လူက မောလိုက်လျက် ရင်ဘတ်က ဖုတ်လိုက်ဖုတ်လိုက် ပိန်ချည် ဖောင်းချည် ဖြစ်နေသည်။

ဆွေမျိုးတစ်စုမှာ အသက်မှ ရဲရဲမရှုရဲကြတော့ဘဲ ဦးဆွေမျိုးရဲ့ ပါးစပ်ကို စိုက်ကြည့်ရင်း အငြိမ်ကြီး ငြိမ်နေကြသည်။

ဦးဆွေမျိုး အသက်ထွက်သွားမှာကို နှမျောတသ ဝမ်းနည်းလှသော်လည်း “ယူ” ဆိုသော စကားရဲ့ နောက်ဆက်တွဲကို သိချင်လှပြီ။ ဘာတွေယူခိုင်းမှာလဲ..၊ လူပိပိ လောဘလေးလည်း ကပ်ရှာမြဲမို့ ကိုယ်တွေမသိဘဲ ကျန်ရှိနေသေးတဲ့ တန်ဖိုးကြီး အမွေပစ္စည်းတစ်ခုခုကို သိမ်းဆည်းထားတဲ့ နေရာကနေ သွားယူခိုင်းတာများလားဟု တိတ်တခိုး မျှော်လင့်တွေးတောမိကြ တာပင်..။ ကိုယ်ရတာ မဟုတ်ပေမယ့်လည်း ဆွေမျိုးစုအပေါ် စောင့်ရှောက်ငဲ့ညှာလှတဲ့ ဂုဏ်ရောင်ကို ရရှိခံစားစေလိုသည့် စိတ်ကလေးလည်း ဖြစ်မိပေတာမို့ပင်..

“ယူ..ယူပါ”

"ဘာကို ယူရမှာတုန်း မောင်ဆွေမျိုးရဲ့"

ဦးဆွေမျိုးရဲ့ အစ်မ ကြီးကြီးလှကပင် မအောင့်အည်းနိုင်စွာ ဝင်မေးလိုက်သည်။ ဂုဏ်ရောင့်မှာတော့ ဖခင်ရဲ့ အသက်ကို မမီမကမ်း လှမ်းဆွဲထားလိုက်ချင်သေးတာရယ်..၊ နောက်ဆုံးအနေနှင့် ဖခင်မှာကြားခဲ့မည့် စကားကို သားလိမ္မာပီသစွာ နားခံခေါင်းညိတ်ပေးလိုက် ခြင်းအားဖြင့် ဖခင်ကို ဖြောင့်ဖြောင့် သွားစေလိုသည့် စိတ်ရယ်.. ပေါင်းစု ဆို့နင်လျက် ရှိတာမို့ ဒီဆွေမျိုးတစ်စုရဲ့ အပြောအဆိုတွေကိုလည်း ဂရုမစိုက်အားပါ။

ဘေးလူဖြစ်သော မိုးမခမှာသာ အားလုံးကို ခြုံငုံပြီးကြားနေ မြင်နေရတာ မို့ ဂုဏ်ရောင့်အဒေါ်တွေရဲ့ အသည်းတယားယား သိချင်စိတ် ပြင်းပြရတာ က တစ်ဖက်၊ လူပီပီ စိတ်ရင်းအမှန်ဖြင့် ကြေကွဲ မျက်ရည်စို့ရတာ က တစ်ဖက် ဗျာများနေကြတာကို နားလည် သဘောပေါက်မိနေသည်။

"သား.."

"သား ရှိပါတယ် ဖေဖေ.."

"နွယ်..နွယ်နှင်းဆီ.."

"ခင်ဗျာ...ဖေဖေ..."

"ယူပါ...၊ နွယ်နှင်းဆီကို ယူပါ."

"ဘယ်...ဘယ်က နွယ်နှင်းဆီလဲ ဖေဖေ.."

"ယူပါ..၊ နွယ်နှင်းဆီကို ယူပါ.."

"ဘယ်..ဘယ်က နွယ်နှင်းဆီလဲ ဖေဖေ.."

ဖေဖေ မောနေမှန်း သိပေမယ့် ဖေဖေ့ ဆန္ဒအမှန်ကို မသိလိုက်ဘဲ ကျန်ရစ်ရမှာ စိုးတာမို့ ဂုဏ်ရောင်က ရှင်းလင်းအောင် မေးရသည်။ နွယ်နှင်းဆီဆိုတာ လူလား ပန်းပင်လားတောင် ရေရေရာရာ မသိရသည်မို့ပင်။

“ဖေဖေ့ ဒိုင်ယာရီထဲမှာ ရေး..ရေးထားတယ်၊ နွယ်နှင်းဆီကို သား လက်ထပ်လိုက်ပါ”

“ခင်ဗျာ..”

ဂုဏ်ရောင်မှာ ဖေဖေ့အတွက် ဝမ်းနည်း ဆို့နင့်နေတဲ့ကြားကပဲ နောက်နားကနေ ကိုယ့်ပခုံးကို ဆုပ်ကိုင်နှစ်သိမ့်ပေးနေတဲ့ ခကို အားနာမိသည့် စိတ်ကလေး လှစ်ခနဲ ဝင်လာရပါသည်။ ခနဲ့ဂုဏ်ရောင်တို့ ချစ်သူဖြစ်နေကြတာကို ဖေဖေ မသိတာလည်း မဟုတ်၊ ကန့်ကွက်စကားလည်း ဆိုဖူးတာမဟုတ်၊ ဂုဏ်ရောင်အချစ်ရေးကို ဘာမှ မစွက်ဖက်ဖူးတဲ့ ဖေဖေ့ နှုတ်ဖျားက ခုကျမှ ထွက်ပေါ်လာတဲ့ စကားကို အံ့ဩ မယုံနိုင်။ “နွယ်နှင်းဆီ” ဆိုတဲ့ နာမည်ကိုလည်း မကြားဖူး။ ဘယ်က ဘယ်လို ပတ်သက်သလဲဆိုတာ မသိ၊ ဘယ်မှာရှိမှန်း မသိ။ ခုမှ ကြားလိုက်ရတဲ့ နာမည်အသစ်၊ အကြောင်းအရာ အသစ်..။

ဦးဆွေမျိုးရဲ့ စကားအဆုံးမှာ ဆွေမျိုးတစ်စုရဲ့ အကြည့်တွေက မိုးမခခိုင်ဆီသို့ ဒိုင်းခနဲ ရောက်လာသည်။ အားနာကြည့်။သနားကြည့်။

ခသည် ရုတ်တရက်မို့ ထူပူသွားကာ ဘယ်လိုကြီးမှန်း မသိသော ပြောပြရဖို့ခက်သော ခံစားမှုတစ်မျိုးကို ခံစားလိုက်ရသည်။ အူတိအူကြောင်ဖြစ်သွားတယ်လို့ပဲ ပြောမလား။ မထင်မှတ်ဘဲ အငိုက်မိသွားသလိုမျိုး..။ ရုတ်တရက် မယုံနိုင်။ မျှော်လင့်မထား။ ကိုယ့်ကို ငုတ်တုတ် ထားပြီး ပြောထွက်ရက်လေခြင်းဟု ပြောရအောင်ကလည်း လူမမာကဖြင့် ဖုတ်လှိုက် ဖုတ်လှိုက်။ ကိုယ်ရှိနေတာတောင် သိမည့်ပုံမပေါ်။

ခနှင့် ခင်မင်ရင်းနှီးလှသည့် ကြီးကြီးလှကတော့ ခကို အားနာသွားပုံဖြင့်

“ဘယ်..ဘယ်က နွယ်နှင်းဆီလဲ မောင်ဆွေမျိုးရဲ့၊ ဒီမှာ ခ ရှိတယ်လေ။ ဂုဏ်ရောင်မှာ မိုးမခ ရှိနေတယ်လေ၊ အဲဒါ ဘယ်လိုလုပ်ရမလဲ..”

ဟု အမေတကော မေးဆဲမှာ ဦးဆွေမျိုးက ငြိမ်သက်သွားပါတော့သည်။

“ဟယ်..ငြိမ်သွားပြီ..”

“ဒုက္ခပဲ..”

“ရှင်းအောင်လည်း မပြောခဲ့ဘူး”

“မောင်ဆွေမျိုး..မောင်ဆွေမျိုး”

“အမလေး..နင်တို့ ဦးလေး အသက်မရှိတော့ဘူးဟဲ့...အီးဟီးဟီး”

အားလုံးဟာ ဦးဆွေမျိုး ဘာမှ ဆက်မပြောဘဲ အသက်ထွက်သွားသည့်နောက်မှာ မယုံနိုင်ဘဲ အတင်းဆက်မေးချင်ပုံဖြင့် မချင့်မရဲ ဖြစ်ရလျက် ခန္ဓာကိုယ်ကို လှုပ်ခါယမ်းကာ ခေါ်လိုက်ကြသေးသည်။ မျက်လုံးကလည်း ဖွင့်လျက်သားမှာ အသားမရှိတာ သေချာသွားတော့မှ ကြီးကြီးလှက စတင်၍ အော်ဟစ် ငိုကြွေးလိုက်သောအခါ..

ဆွေမျိုးတစ်စုမှာလည်း ငိုဖို့ သတိရလျက် ကြီးကြီးလှူနှင့်အတူ တဟီးဟီး အသံထွက်ငိုသူက ငို၊ တအိအိ ရှိုက်သူက ရှိုက်ဖြင့် ငိုပွဲကြီးကို ဝိုင်းဝန်း ဆွဲနွဲ့လိုက်ကြရပါသည်။

ခမှာသာ...

ငိုရမှာလား..စိတ်တိုရမှာလား၊ မသိဘဲ တောင့်တောင့်ကြီး ရပ်နေမိသည်။

ဂုဏ်ရောင်မှာလည်း ခေါင်းငိုက်စိုက်ကျကာ မျက်ရည်ပေါက်ပေါက်ကျမိနေတဲ့ ကြားက ကိုယ့်နောက်ကနေ ကိုယ့်ဆို နှစ်သိမ့်ပေးနေတဲ့ ခကိုလည်း မျက်နှာပူ၊ ဖေဖေ ပြောခဲ့တဲ့ ကိစ္စအတွက်လည်း ရင်လေး စိတ်ရှုပ်ထွေးမိနေသည်။

မြွေပူရာ ကင်းမှောင့်တယ်ပဲ ပြောမလား၊ ဗူးလေးရာ ဖရုံဆင့်တယ်ပဲ ပြောရမလာ..။ ဖေဖေ့အတွက် ဝမ်းနည်းနေတဲ့အချိန်မှာ နောက်ပြဿနာတစ်ခုကို ဘယ်လိုဖြေရှင်းရမလဲ၊ ဘယ်လောက် ရှုပ်ထွေးတဲ့ကိစ္စမျိုးလဲဟု

တွေးတောရင်လေးရသည်။

ခုချိန်မှာ ခမျက်နှာကို လှည့်ကြည့်ဖို့ အရေးတောင် ဝန်လေးပင်ပန်းနေသည်။ ခမျက်နှာ ပြုံကွဲညိုမည်းနေမှာကို မကြည့်ရက် မမြင်ရက်နိုင်..။ဂုဏ်ရောင် ပခုံးကို တိုင်ထားတဲ့ မလက်တွေ နွေးရာကနေ အေးလာနေတာ၊ အားပျော့ လျော့ရဲလာတာကိုတော့ ခံစားမိနေသည်။

ခတော့ စိတ်တိုနေတော့မှာပဲ..။

ဂုဏ်ရောင် ချစ်တဲ့ ခဟာ ပျော့ပျော့နွဲ့နွဲ့ မိန်းမဆန်ဆန် မိန်းကလေးမျိုးတော့ မဟုတ်။ မဟုတ်မခံ ဆတ်ဆတ်ကြဲလေး..။ ပြတ်ပြတ်သားသားလေး။ ဘယ်အလုပ်မဆို ခွဲနဘဲနှင့် လုပ်ကိုင်တတ်သူ၊ စိတ်ဓာတ်ပြင်ပြသူပင်..။ သို့သော် တစ်ခါတစ်ရံတော့ ကလေးဆန်ချင်လျက် စိတ်လိုက်မာန်ပါ ထင်ရာစိုင်းတတ်သူမျိုးပင်။ သူ့စိတ်ထဲမှာ ခံစားနေရလျှင် မျိုသိပ်မထားတတ်ဘဲ ဖွင့်ရှင်းပေါက်ကွဲလိုက်ရမှ ကျေနပ်တတ်သူပင်..။

ဂုဏ်ရောင်ကတော့ ဒေါသကြီးလှ၊ ဓွတ်တရွတ်နိုင်လှတဲ့ ဖေဖေ့ လက်အောက်မှာ ဘာမဆို မျိုမျိုသိပ်သိပ်လေး နေခဲ့ရသူ။ တစ်ဖက်သားအပေါ် အားနာလှသူပင်။ ကိုယ့်ကို မှီခိုနေကြတဲ့ ဆွေမျိုးတွေဘက်က ရောင့်တတ်လွန်း အခွင့်အရေးယူလွန်းလျှင်လည်း အားနာပါးနာနှင့် ဘာမှ မပြောရက်တာမို့ တော်ရုံဆို လွှတ်သာထားလိုက်တော့သည်။

ခုကိစ္စမှာလည်း ခအပေါ်မှာ ဂုဏ်ရောင် အားနာလှပါသည်။ ဆွေမျိုးတွေအားလုံးရှေ့မှာမို့ ခ သိပ်ရှက်သွားမည်ဟုလည်း တွေးမိပသည်။

ဂုဏ်ရောင်သည် ဒူးထောက်ထိုင်လျက် ဒူးပေါ် လက်ထောက်ကာ ခေါင်းငိုက်စိုက်ကျနေ ရင်းကပင် ကိုယ့်ပခုံးပေါ်က ခရဲ့ အေးစက်စက် လက်ကလေးတစ်ဖက်ကို လက်ပြန်ဆုပ်ကိုင်လိုက် မိပါသည်။ ခ ကလည်း မရုန်းဘဲ ဂုဏ်ရောင့် ပခုံးပေါ် လက်ကလေးတစ်ဖက် တင်လျက်သားပင်။

ခဏကြာတော့မှ ခထံမှ အသံခပ်တိုးတိုး ထွက်လာသည်။

“ခ ပြန်တော့မယ်နော် ဂုဏ်ရောင်..”

ခ အသံဟာ အက်ကွဲတုန်ခိုက်ရုံမက အားပျော့ ဆုပ်နစ်လှပေသည်။ ထိုအသံကြောင့် သူ့ရင်ဘတ်ထဲမှာ စူးခနဲ တစ်ချက်ဖြစ်သွားသည်။ ဥပမာပြောရလျှင် လောလောဆယ် ထိခိုက်ထားတဲ့ ဒဏ်ရာကြီးပေါ်မှာ တစ်နေရာစာ အပ်လေး စူးဝင်သွားသလိုမျိုးတည်း။

“ခ ...”

ဂုဏ်ရောင်က ဘယ်လိုမှ ကျောခိုင်းမထားရက်နိုင်တာမို့ ခကို လှည့်ကြည့်မိသည်။ ခမျက်ဝန်းတွေ..။ စိတ်မကောင်းခြင်း တစ်ဝက်၊ စူးရှ နာကျင်ခြင်း တစ်ဝက် ရောနေသော မျက်ဝန်းတွေနှင့် ဆုံမိသည်။

“ခ ကိုယ်တောင်းပန်ပါတယ်..တကယ်တော့...”

“no problem..”

ခက ဂုဏ်ရောင် စကားမဆုံးခင် လက်ကာပြလိုက်ပြီး

“ဒီအချိန်မှာ ဒီကိစ္စကို မဆွေးနွေးသင့်သေးဘူးလေ ဂုဏ်ရောင်ရယ်၊ နောက်များမှပေါ့..”

“နားလည်ပေးတဲ့အတွက် ကျေးဇူးတင်ပါတယ် ခရယ်”

ခက စိတ်ထဲ မချိသည့်ကြားက ဂုဏ်ရောင့်ကို နှစ်သိမ့်ပြုံးလေး ပြုံးပြရသည်။ စိတ်ထဲမှာတော့ တကယ့်ကို မချိတာ အမှန်ပင်..။ ဂုဏ်ရောင် ခံစားတာကိုတော့ သနားပါရဲ့။ ဒါပေမယ့် ခလည်း ဒီလိုကြီး ကြုံလိုက်ရတဲ့ အဖြစ်အပေါ်မှာ ဘယ်လိုမှ မခံစားရဘဲတော့ ရင့်ကျက်က္ကန္ဒြေကြီး မနေနိုင်ပါ။ ဖြစ်နိုင်ရင် ဒီနေရကနေ ချက်ချင်းပြေးခွာသွားချင်တာ ဂုဏ်ရောင်ကို ငဲ့နေရလို့သာ..။

“ခ ပြန်မယ်ဆို ပြန်တော့လေ၊ ခလည်း ပင်ပန်းနေရောပေါ့၊ ဒီမှာ

ဝိုင်းဝန်းမယ့် လူအင်အား ရှိပါတယ်”

“ဒါဆို ခ ပြန်တော့မယ်”

ခက ဂုဏ်ရောင့် ပခုံးကို ခပ်တင်းတင်း ဖျစ်ညှစ်၍ နှစ်သိမ့်လိုက်ပြီး အုပ်ကိုင်ထားသည့် ဂုဏ်ရောင့်လက်မှ ရုန်းဖယ်ထွက်ခွာလာသည်။

ခရင်ထဲမှာ ဆူဝေပေါက်ကွဲချင်နေသည်။ ခမှာ ဘာချို့ယွင်းချက်တွေ ရှိလို့ ဂုဏ်ရောင့်ဖေဖေက ခကို လက်မခံဘဲ ဂုဏ်ရောင့်ကို တခြားတစ်ယောက်နဲ့ ပေးစားချင်ရတာ လဲ..။ အသက်ရှင်နေတုန်းကသာ ဒီလိုပြောခဲ့ရင် ပြဿနာက ဖြေရှင်းလို့ လွယ်သေးသည်။ ခုလို ဒီကိစ္စကြီးကို နောက်ဆုံး ဆန္ဒအဖြစ်မှာကြား သေဆုံးသွားတော့ ကျန်ရစ်သူတွေက ဘာဆက်လုပ်ရမှာလဲ..။

သေသူကို မထီမဲ့မြင်လုပ်လို့ရော ဖြစ်မတဲ့လား...။ ကိုယ်လုပ်ချင်ရာ လုပ်ပြီး လိုက်တောင်းပန်လို့မှ မရတော့တဲ့ ဥစ္စာကို။

အို..သေတဲ့သူကို အပြစ်တင်လို့တော့ မဖြစ်သေးပါဘူးလေ။ ခုလေးပဲ ဆုံးသွားတဲ့ ဥစ္စာ။ သူ့ဝိဉာဉ်က ဒီနားမှာပဲ ရှိချင်ရှိနေဦးမှာ။

“ဦးဆွေမျိုးရေ..အမျှ..အမျှ..အမျှ”

ခက ပါးစပ်လေး တလှုပ်လှုပ်နှင့် အမျှ သုံးခါ ဝေပေးလိုက်ရသည်။

*****

(၂)

ဂုဏ်ရောင်သည် ဖေဖေ့ ဒိုင်ယာရီစာအုပ်ကို ပိတ်လိုက်ရင်း သက်ပြင်းတစ်ချက်ကို မောလျစွာ ချမိရပါသည်။

ဖေဖေ့ရဲ့ လျှို့ဝှက်ထားသော ကိုယ်ရေးကိုယ်တာတွေကို ဒိုင်ယာရီထဲမှတစ်ဆင့် သူ သိမြင်ခွင့်ရလိုက်သည်။ ဖေဖေ့ဇာတ်လမ်းက ရင်မောစရာကြီးပင်..။

ဖေဖေ့မှာ မေမေနှင့်လက်မထပ်ခင်က "စောနန်းနွယ်"ဆိုတဲ့ ချစ်ဦးသူတစ်ယောက် ရှိခဲ့ဖူးပါသည်တဲ့..။ ရည်းစားများပြီး မိန်းမလေးတွေအပေါ် တန်ဖိုးထားလှတဲ့ ဖေဖေဟာ မေမေ့အလှမှာ ယစ်မူးကျဆုံးသွားတဲ့အချိန်မှာ စောနန်းနွယ်ကို အမှတ်တမဲ့ပင် ထားရစ်ခဲ့မိသည်တဲ့။ စောနန်းနွယ်မှာ ဖေ့ ကိုယ်ဝန်ကျန်ခဲ့တာကိုပင် မူးယစ်မေ့လျော့ခဲ့စဉ်က အဖြစ်သနစ်မို့ မှတ်မှတ်ရရ မရှိလိုက်ပါတဲ့..။

စောနန်းနွယ်ဟာလည်း လနုနုနှင့် ကိုယ်ဝန် ပျက်ကျပြီးနောက် စိတ်ကယောက်ကယက် ဖြစ်ခဲ့ရသည်။ မိဘများ သဘောတူ ပေးစားသည့် ယောကျာ်းနှင့် လက်ထပ်ပြီး သမီးလေးတစ်ယောက် မွေးသည့်တိုင်အောင် စိတ်က မူမမှန် ဖြစ်ဖြစ်လာနေဆဲပဲတဲ့။ စောနန်းနွယ်ကို နားလည်ခွင့်လွှတ် ဂရုစိုက်လှသော ခင်ပွန်းသည်ကလည်း ကားအက်ဆီးဒင့်ဖြင့် ကွယ်လွန်ရှာသောအခါ စောနန်းနွယ်ရဲ့ စိတ်ဟာ ပိုလို့သာ မူမမှန်ဖြစ်ခဲ့ရရှာသည်။ စောနန်းနွယ် မိခင်ကြီး ရှိစဉ်ကတော့ သမီးဖြစ်သူကို ထိန်းသိမ်းဖျောင်းဖျနိုင်သေးပေမယ့် မိခင်ကြီး မရှိတော့သည့်နောက်မှာ စောနန်းနွယ်ဟာ သူ့ရဲ့ တစ်ဦးတည်းသော သမီးလေးကို

ပုံစံမမှန်သော အုပ်ထိန်းမှုဖြင့် အကျဉ်းချသလောက်နီးနီး ချုပ်ကိုင်အုပ်ထိန်းလာခဲ့သဖြင့် သမီးလေးဟာ ပတ်ဝန်းကျင်နှင့် ကင်းကွာစွာ ကြီးပြင်းလာခဲ့ရသည်ဟု ဆိုပါသည်။

ထိုသမီးလေးရဲ့ နာမည်က နွယ်နှင်းဆီ..။

နွယ်နှင်းဆီတို့ သားအမိကို ဖေဖေ ပြန်တွေ့တာ သိပ်မကြာလှသေးပါ။ ဖေဖေ ရန်ကုန်သွားရင်း မထင်မှတ်ဘဲ ပြန်တွေ့ပြီး အကြောင်းစုံကို သိရတဲ့အခါ ဖေဖေဟာ ယူကြုံးမရ နောင်တကြီးစွာဖြင့် ထိုသားအမိကို စောင့်ရှောက်ခွင့်ရဖို့ အကြိမ်ကြိမ် ကြိုးစားသော်လည်း တစ်ဖက်က ခါးခါးသီးသီး ငြင်းခဲ့ကြပါသည်။

နောက်တော့ ဒေါ်စောနန်းနွယ် နှလုံးရောဂါဖြင့် ရုတ်တရက် ဆုံးပါးသွားလေရာ သနားစရာကောင်းလှတဲ့ နွယ်နှင်းဆီ တစ်ယောက်တည်းသာ မျက်စိသူငယ်ဖြင့် ကျန်ရစ်ခဲ့ရှာသည်။ ငယ်စဉ်ကတည်းက ထိန်းကျောင်း ပြုစုလာသည့် နာနီလင်မယားသာ အနားမှာရှိတာမို့ ဘာမှ မလုပ်တတ် မကိုင်တတ် အားကိုးရာမဲ့နေခဲ့သော နွယ်နှင်းဆီကို စောင့်ရှောက်ပေးဖို့ ဂုဏ်ရောင်ကို ဖေဖေက သူ့စာအုပ်ထဲမှာ အနူးအညွတ် ပန်ကြားထားပါသည်။ နွယ်နှင်းဆီကို ဂုဏ်ရောင်က လက်ထပ်ယူတဲ့အခါ ဖေဖေ ပိုင်ဆိုင်သမျှတွေကို တစ်ဦးတည်းသော သား ဂုဏ်ရောင်ရော နွယ်နှင်းဆီပါ ပိုင်ဆိုင်ခွင့်ရကြဖို့ မြတ်နိုးစောင့်ရှောက်ပေးခြင်းအားဖြင့် သူ့အပြစ်တွေကို ချေဖျက် နိုင်လိမ့်မည်ဟု ဖေဖေက မျှော်လင့်ခဲ့သည်။ ထိုမျှော်လင့်ချက်ကို နောက်ဆုံး ဆန္ဒအဖြစ် ဖွင့်ဟသွားခဲ့တာပင်..။

ဖေဖေဟာ အစကတည်းကမှ အတ္တကြီးသူ၊ ဇွတ်တရွတ် ဆန်သူမို့ ခုကိစ္စမှာလည်း ဂုဏ်ရောင့်ချစ်သူ မိုးမခကို အားနာငဲ့ညှာရကောင်းမှန်း မသိခဲ့။ ဂုဏ်ရောင့်နှလုံးသား ခံစားချက်ကို လည်း ထည့်သွင်းမစဉ်းစား။ သူဖြစ်ချင်တာက တစ်ခုကိုသာ ရှေ့တန်းတင် တောင်းဆိုခဲ့တာပင်။

ဖေဖေ ဒိုင်ယာရီထဲမှာတော့ နွယ်နှင်းဆီတို့ အိမ်လိပ်စာကို အပြည့်အစုံ ရေးထားသည်။ ထို လိပ်စာအတိုင်း ရှာဖွေပြီး သွားတွေ့၊ ရင်းနှီးခင်မင်အောင် နေပြီး လက်ထပ်ယူလိုက်ပါဟု လွယ်လွယ်ကလေး ရေးပြ ညွှန်ကြားသွားပါသည်။

တကယ်တော့ ဒီကိစ္စဟာ လွယ်သည့်ကိစ္စမဟုတ်မှန်း ဖေဖေ သိခဲ့ဖို့ကောင်းသည်။ အင်းလေ.. သွားလေသူကို အပြစ်မတင်လိုတော့ပါဘူး..။ မီးစင်ကြည့်၍ သာ ကရတော့မှာပင်..။

ဂုဏ်ရောင်နှင့် အတူနေသူ ဖေဖေ အစ်မ ဝမ်းကွဲကြီးကြီးလှကလည်း ထိုကိစ္စကို တစာစာ မေးလွန်းတာမို့ ဒိုင်ယာရီထဲက အကြောင်းတွေကို ဂုဏ်ရောင် ပြန်ပြောပြရသည်။

ကြီးကြီးလှကလည်း ရင်မောသွားသလို သက်ပြင်းချပြန်ကာ..

"မောင်ဆွေမျိုးတို့ကလည်း အရာရာကို ပေါ့ပေါ့ပဲ တွေးတာကိုးကွယ့်..၊ ဒီကိစ္စက သူထင်သလောက် လွယ်မတဲ့လား၊ သုံးလေးနှစ် လူသိရှင်ကြား တွဲနေတဲ့ မိုးမခ ရှိတာကို သူမသိခဲ့တာလည်း မဟုတ်ဘူးလေ၊ ပြီးတော့ ခုမှ ရှာဖွေ စုံစမ်းပြီး သွားတွေ့ရမယ့် မိန်းကလေးဆိုတာ ဘယ်လို မိန်းကလေးမှန်းလည်း မသိ..၊ သူလုပ်ခဲ့တဲ့ အပြစ်ကို သားအပေါ်ပုံချပြီး တစ်သက်လုံး ဆပ်ပေတော့လို့ လုပ်သွားတာနဲ့ မတူဘူးလား.."

"ဖေဖေ့ကို အပြစ်တော့ မတင်ပါနဲ့ ကြီးကြီးလှရယ်၊ ဖေဖေ့ခမျာလည်း သွေးရူးသွေးတမ်းနဲ့ ကြံမိကြံရာ ကြံခဲ့တာနေမှာပါ၊ ကျွန်တော့်အပေါ် စေတနာဆိုးနဲ့ တမင် ဒုက္ခရောက်အောင် လုပ်ခဲ့ တာတော့ မဟုတ်ပါဘူး"

"မင်းကတော့ မင်းအဖေအပေါ် အမြဲအကောင်းမြင်တဲ့သူကိုး၊ ကြီးကြီးတို့ကတော့ မမှန်တာကို မမှန်တဲ့အတိုင်းပဲ မြင်တယ်၊ အဲ့ဒီနေ့ကဆို ကြီးကြီးမှာလေ မိုမ်းခကို မျက်နှာပူ အားနာလိုက်ရတာ ၊ မျက်နှာကို ဘယ်သွားထားရမှန်းကို မသိဘူး၊ မိုးမခ ခမျာလည်း အားလုံးရှေ့ မှာဆိုတော့

ရှက်ရာမှာပဲ၊ မျက်နှာအပျက်ပျက်ကြားကပဲ မင်းကို ဖေးမနေသေးတာ”

“ကျွန်တော်လည်း ခကို သနားပါတယ် ကြီးကြီးရာ..”

“မင်းတို့ချင်းရာ ဒီကိစ္စကို ပြောဖြစ်ကြလား”

“မပြောဖြစ်သေးပါဘူး၊ ရက်လည်တဲ့အထိ အလုပ်တွေက ရှုပ်နေတာလေ၊ ခလည်း အသုဘပို့တဲ့နေ့ကရော ရက်လည်တဲ့နေ့ကပါ လာရှာပါသေးတယ်၊ ဒါပေမယ့် ဒီကိစ္စတော့ မပြောဖြစ်ကြဘူးပေါ့၊ ခ က နားလည်မှုတော့ ရှိမှာပါ”

“ဒါပေမယ့် မင်း မိုးမခက ပျော့ပျော့ညံ့ညံ့နဲ့ အလွယ်တကူ နောက်ဆုတ်ရှောင်ပေးမယ့် သူတော့ မဟုတ်ဘူးနော်..”

“ကျွန်တော်လည်း သူ့ကို အဆုံးရှုံး မခံနိုင်ပါဘူး..”

“အဲဒီ တော့ မင်း ဘယ်လိုလုပ်မယ် စိတ်ကူးသလဲ..”

ဂုဏ်ရောင်မှာ ချက်ချင်း မဖြေနိုင်ဘဲ အကြံရခက်နေပါသည်။ တကယ်ကို ဘာလုပ်ရမှန်းလည်း မသိပါ။

ကြီးကြီးလှကလည်း ဂုဏ်ရောင်ကို သနားလာပုံနှင့်..

“ကဲဟယ်…နွယ်နှင်းဆီကို သွားမတွေ့ချင်လည်း မတွေ့ပါနဲ့တော့၊ မင်းအဖေလည်း ရှိတော့တာမှ မဟုတ်တာ”

“ဟာ..ဒီလိုလုပ်လို့တော့ ဘယ်ဖြစ်ပါ့မလဲ ကြီးကြီးရယ်၊ ဖေဖေ့နောက်ဆုံးဆန္ဒကို ဒီလိုတော့ လုံးဝ ဥပေက္ခာပြုလို့တော့ ဘယ်ကောင်းပါ့မလဲ..”

“ဒါဖြင့် မင်းက မင်းအဖေဆန္ဒအတိုင်း နွယ်နှင်းဆီကို ယူမှာမို့လို့လား”

“ကျွန်တော့်မှာ ခ ရှိတယ်လေ”

“အေးလေ..အဲ့ဒါကြောင့် သွားမတွေ့တော့ဖို့ ပြောနေတာပေါ့”

“သွားတွေ့မှတော့ ဖြစ်မယ် ကြီးကြီး..၊ ဖေဖေ့စာအုပ်ထဲက အတိုင်းဆို နွယ်နှင်းဆီ တစ်ယောက်တည်း မရပ်တည်နိုင်တာ သေချာတယ်၊ သူနဲ့သွားတွေ့ပြီး လိုအပ်တာတွေ ကူညီပေးရင်း တဖြည်းဖြည်းတော့ ကျွန်တော့်မှာ ချစ်သူရှိတဲ့အကြောင်း ပြောပြရမှာပဲ၊ ဖေဖေက နွယ်နှင်းဆီကို ကျွန်တော်နဲ့ ပေးစားမယ့်အကြောင်း နွယ်နှင်းဆီရဲ့ နာနီ အဒေါ်ကြီးကို ပြောထားပြီးသားဆိုတော့ နွယ်နှင်းဆီလည်း သိနှင့်ပြီးသား နေမှာပဲ”

“မင်း သွားတွေ့တာကို မိုးမခက ကြည်ဖြူနိုင်ပါ့မလား”

“နားလည်အောင် ကြည့်ပြောရမှာပေါ့ ကြီးကြီးရယ်”

“မိန်းမဆိုတာ ဒါမျိုးကို နားလည်ခဲ့ပါဘိခြင်း၊ ပြီးတော့ မင်းက အားနာတတ်ပါဘိသနဲ့၊ ဟို မိန်းကလေးကို ကျွန်တော့်မှာ ချစ်သူရှိပြီးသားမို့ လက်မလပ်ပါရစေနဲ့လို့ မင်းပါးစပ်က ပြောထွက်မှာမို့လို့လား၊ ဟိုကလည်း ဒီလိုဆို အစကတည်းက ရှင်မလာဘဲ နေပါ့လားလို့ ပြောမှာပေါ့”

ကြီးကြီးက အငေါ်တူးတော့ ဂုဏ်ရောင်က ခေါင်းကပ်ရင်း ပြုံးလိုက်မိပါသည်။

“ကျွန်တော်က ဖေဖေ့ နောက်ဆုံးဆန္ဒကို အပြည့်အဝ မဖြည့်ပေးနိုင်အောင် တတ်နိုင်သလောက်တော့ ဖြည့်ပေးချင်တယ်လေ၊ နွယ်နှင်းဆီကို လက်မထပ်နိုင်ပေမယ့် တက်နိုင်သလောက်တော့ ကူညီစောင့်ရှောက်ရမှာပေါ့..”

“အေး..ဟိုက မင်းကို ကြိုက်သွားလို့ လက်မလွှတ်နိုင်ဘူးဆိုမှ မင်း နှစ်ယောက်ကြား ဗျာများနေဦးမယ်”

“အာ..ကြီးကြီးတို့ကတော့ လုပ်ပြီ..”

ဂုဏ်ရောင်က ခပ်ရွှတ်ရွှတ်ပြောတတ်သော ကြီးကြီးကို လန့်ကာ ကြီးကြီးနားက တထွက်လာခဲ့ရပါသည်။

ပြီးတော့..ခကို သတိရသည်။ ခနဲ့တွေ့ပြီး ဒီကိစ္စကို ပြောရဆိုရဦးမည်။

ခရယ်..

ကိုယ့်ကို နားလည်ပေးစေချင်ပါတယ်...။

*****

(၃)

"ခ မာနအတိုင်းဆို လုံးဝ နားလည်မပေးနိုင်ဘူး။ ခုလို ခ ရှေ့မှာ ဂုဏ်ရောင့်မျက်နှာလေး ဆီးရွက်လောက်ပဲ ရှိတော့တာကို မြင်ရလို့သာ နားလည်ပေးရင် ကောင်းမလားလို့ ပြန်ပြင်စဉ်းစား နေတာ"

မျက်မှောင်ကြုတ်ကြုတ် နှုတ်ခမ်းစူစူဖြင့် ငြိုငြိုငြင်ငြင် ပုံစံမျိုး ပြောနေပေမယ့် ခက ချစ်ဖို့ ကောင်းပါသည်။ ခသည် မျက်နှာလေးကို မော့ထားလိုက်ရင်း..

"အကယ်၍ ဂုဏ်ရောင့်ကို ခ နားလည်ပေးခဲ့ရင်လည်း အဲ့ဒီနားလည်မှုက အကန့်အသတ် ရှိတယ်၊ ခ ဘက်က တစ်သက်လုံးစာ နားလည်မှုတွေနဲ့ ဂုဏ်ရောင့်ကို နွယ်နှင်းဆီနဲ့ လက်ထပ်ဖို့ ခွင့်ပြုနိုင်တဲ့အထိတော့ မဟုတ်ဘူး.."

"ကိုယ်ကလည်း အဲဒီ လောက်ပဲ နားလည်ဖို့ မပြောပါဘူး ခရယ်၊ ကိုယ့်မှာ ခရှိသားနဲ့ တခြား မိန်းမကို ကိုယ်ဘာလို့ လက်ထပ်ရမှာလဲ"

"ပြောနိုင်ဘူးလေ၊ ရှင်က အားနာတတ်တော့ ဟိုကို ပြောရမှာ အားနာနာနဲ့ ချော်လဲရောထိုင် လုပ်သွားမှာ စိုးရတာ ပေါ့"

မိုးမခမှာ ဂုဏ်ရောင့်ကို မျက်စောင်းထိုးရင်း ခပ်ပေါ့ပေါ့ ခပ်ငေါ့ငေါ့ ပြောနေရပေမယ့် ရင်ထဲ မှာတော့ မချိ...။ တကယ်ကို မချိတချိ။

ခရှေ့မှောက်မှာ ခ ချစ်သူကို တခြား မိန်းမတစ်ယောက်နဲ့ လက်ထပ်ဖို့ ပြောတဲ့ စကားကို ကြားရစဉ်ကတည်းက ခရင်မှာ မချိခဲ့တာ..။ နာရေးကိစ္စနဲ့မို့လို့သာ ခရဲ့ ခံစားချက်တွေကို မျိုသိပ်အုပ်ဆိုင်းထားခဲ့ရတာ ၊ သေသူရဲ့ ဆန္ဒမို့လို့သာ ရင်ထဲ နင့်အင်အင်နဲ့ ငြိမ်နေခဲ့ရတာ ..။ ဂုဏ်ရောင့်အဖေသာ သက်ရှိထင်ရှား ရှိနေသးရင်

မိုးမခတို့က ဒီအတိုင်း ငြိမ်မနေ၊ ခနဲ့ ဘာဖြစ်လို့ သဘောမတူရတာ လဲဟု ဖွင့်မေးဖို့ ဝန်မလေး..။

ခုတော့..လတ်တလောကြီး အဖေကို ဆုံးရှုံးထားရတဲ့ ဂုဏ်ရောင့်ကိုလည်း ငဲ့ရသေးသည်။ စိတ်တို ရန်လုပ်ချင်ပေမယ့်လည်း ဟိုအဖေက မရှိတော့။ ဒီသားကလည်း အပြစ်မရှိ။ ဘာကို စိတ်တိုရမှန်းမသိ။

ဂုဏ်ရောင့်ကို ခ မစွန့်လွှတ်နိုင်သလို ခ ကို ဂုဏ်ရောင် မစွန့်လွှတ်နိုင်တာလည်း သိပေမယ့် အဖေကို သိပ်ချစ်တဲ့ သားမို့ အဖေ့ဆန္ဒကို ဇွတ်မှိတ်လိုက်နာသွားလေမလားဟု စိုးရိမ်ခဲ့ရပါသေးသည်။ သို့သော် ခ အပေါ် ထားတဲ့ ဂုဏ်ရောင့် မေတ္တာဟာ ပေါ့သေးသေးတော့ မဟုတ်ပါ။ ဂုဏ်ရောင့်ဘက်က အကြောင်းစုံရှင်းပြပြီး ဖြစ်သင့် ဖြစ်ထိုက်တာကို ပြောလာတော့လည်း ခ က ကလေးဆန်ဆန် ဇွတ်ကန်ငြင်းလို့ မကောင်း။ ဒီလောက်တော့ ခွင့်ပြုရ ပေမည်။

“ခ ကိုယ့်ကို မယုံဘူးလားကွာ”

“ဂုဏ်ရောင့်ကိုတော့ ယုံပါတယ်၊ ဒါပေမယ့် အခြေအနေဆိုတာက ရှိသေးတယ်၊ ဘာကိုမှ ကြိုမမြင်နိုင်ဘူးလေ၊ အခြေအနေက ဘယ်လိုတွေ ဖန်တီးလာဦးမယ်မှန်းမှ မသိတာ”

“အခြေအနေက ရှင်းရှင်းလေးပဲလေ ခရဲ့..၊ ဖေဖေ့သူငယ်ချင်းရဲ့ သမီးကို ကိုယ်သွားတွေ့မယ်၊ ဖေဖေ့ဆန္ဒကို တစ်ဝက်တစ်ပျက်ဖြည့်ပေးတဲ့အနေနဲ့ မိတ်ဆွေတစ်ယောက်ကို ကူညီသလို လိုအပ်တာလေးတွေ ကူညီမယ်၊ ပြီးရင် ကိုယ့်မှာ ခ ရှိတဲ့အကြောင်း ဖွင့်ပြောမယ်..”

“အားလုံးပြီးမှ ခ ရှိတဲ့အကြောင်း ဖွင့်ပြောမှာလား၊ စစချင်း စတွေ့ကတည်းက ဖွင့်ပြောလိုက်လို့ မရဘူးလား”

“အဲဒီ လိုတော့ မကောင်းဘူးလေ ခရာ၊ ကိုယ်က သူ့အိမ်သွားပြီး တွေကတွေ့ချင်း ဆောက်နဲ့ထွင်းဆိုတာမျိုး ကျွန်တော်မှာ ချစ်သူရှိပြီးသားမို့

ခင်ဗျားကို လက်မထပ်နိုင်ပါဘူးလို့ ပြောပြီး ပြန်ခဲ့ရမှာလား၊ အဲ့ဒီလိုဆို အစကတည်းက မသွားဘဲ နေလိုက်တာကမှ ခပ်ကောင်းကောင်းရယ်"

"ကောင်းသားပဲ၊ မသွားဘဲ နေလိုက်ပေါ့.."

"ခ က ဂျစ်ပြီကွာ..."

"မဂျစ်ပါဘူး၊ ပိုကောင်းမယ့် နည်းလမ်းကို ပြောတာ၊ ခအတွက်တော့ အဲ့ဒီနည်းက ရင်အအေးဆုံးပဲ၊ နောက်မို့ဆို ဂုဏ်ရောင် ရန်ကုန်က ပြန်မလာမချင်း ခ ရင်တွေပူနေရမှာ၊ ဒီအချိန်ဆို ဂုဏ်ရောင် ဘယ်ရောက်နေပြီလဲ၊ ဟို မိန်းကလေးနဲ့ အတူရှိနေမလား..၊ ဘယ်လောက် ရင်းနှီးနေပြီလဲ..၊ ဘာစကားတွေ ပြောပြီး ဘယ်လို အကြည့်တွေနဲ့ ငြိတွယ်နေကြမလဲ..ဆိုတာမျိုးတွေ လျှောက်တွေးပြီး အိပ်လို့တောင် ပျော်မှာမဟုတ်ဘူး"

ဂုဏ်ရောင်က တမင် ဂျစ်တိုက် အငေါ်တူးနေသော မိုးမခရဲ့ ခေါင်းကို တစ်ချက် အုပ်ကိုင်လှုပ်ယမ်းပစ်လိုက်ရင်း..

"ဂျစ်မနေနဲ့ကွာ၊ ကိုယ့်ကို ဒီလောက်အောင် မယုံဘူးလား"

"ယုံမိပြီးမှ ယုံကြည်မှုတွေကို အလွဲသုံးစား အလုပ်ခံရမှာ ကြောက်တယ်"

"ခရယ်..ကိုယ် ခစိတ်ဆင်းရဲအောင် ဘယ်တော့မှ မလုပ်ပါဘူးကွာ.."

ဂုဏ်ရောင်က ခ လက်ကလေးတွေကို လှမ်းယူထွေးဆုပ်ထားလိုက်သည်။ ခက ဂုဏ်ရောင့် ပခုံးကို မှီရင်း..

"ကို...နွယ်နှင်းဆီက လှလားဟင်.."

"အဲ့ဒါ ကိုယ် မသိဘူး ခရဲ့၊ ဖေဖေ့ ဒိုင်ယာရီထဲမှာ ရေးမထားဘူး"

"ဓာတ်ပုံရော မရှိဘူးလား"

"မရှိဘူး"

"အရမ်းကို စက်စက်ယို လှနေရင် ရှင်တော့ မလွယ်ဘူးပဲ"

"အောင်မာ.ဘာမလွယ်ရမှာလဲ"

"အလှကွန်ယက်ထဲမှာ ယက်ကန်ယက်ကန် ငြိပြီး ရုန်းမထွက်နိုင်မှာ မြင်ယောင်သေးတယ်"

ကုသိုလ်တော် ဘုရားဝန်းထဲက ခရေပင်ကြီးတွေအောက်မှာ အတူထိုင်ရင်း ခက ဂုဏ်ရောင်ကို မှီထားရာမှ ဆတ်ခနဲ မတ်ကာ လက်နှစ်ဖက်ကား၊ နှုတ်ခမ်းကိုမဲ့၊ မျက်လုံးကို အထက်လှန်ကာ ယက်ကန် ယက်ကန် လုပ်ပြနေတာမို့ ဂုဏ်ရောင်က ရယ်မောမိရင်း..

"ပူမနေနဲ့..နွယ်နှင်းဆီဆိုတာ ဝတုတ်ပြဲ အရုပ်ဆိုးကြီး ဖြစ်ချင်လည်း ဖြစ်နေနိုင်တာပဲ"

"ဩော်..."

ခ က ခါးထောက်ကာ ဂုဏ်ရောင့်ကို မျက်လုံးပြူးကြည့်ရင်း..

"ဒါဆို ဦးဂုဏ်ရောင် ဆိုလိုချင်တာက နွယ်နှင်းဆီက လှရင်တော့ ခ စိတ်ပူရမယ့် အခြေအနေမျိုး ဖြစ်လာနိုင်တယ်ပေါ့လေ..ဟုတ်စ"

"ခ ရယ်...အထအန မကောက်စမ်းပါနဲ့"

"ဟွန့်..ဦးဂုဏ်ရောင်တို့လို ယောကျ်ားတွေက စိတ်မချရတာ တော့ အမှန်ပဲရှင့်.. ဟင်းတစ်ခွက်လုံး ကုန်အောင် မစားတောင် နည်းနည်းတော့ တစ်တို့လောက်တော့ မြည်းကြည့်ချင်တဲ့ လူတွေချည်းပဲရှင့်"

ဂုဏ်ရောင်က ခ အပြောကို မခံချိမခံသာဖြစ်သွားကာ ခကို မျက်လုံးပြူးကြည့်၍ ကိုယ့်မျက်နှာကိုယ် လက်ညှိုးနှင့် ပြန်ထိုးပြရင်း..

"ဒီမှာ သေချာမှတ်ထား၊ မျက်နှာကို စေ့စေ့ကြည့်ထား၊ အဲ့ဒီလို ယောကျ်ားမျိုးထဲမှာ ကျုပ် မျိုးဂုဏ်ရောင်ဆိုတဲ့ ယောကျ်ား မပါဘူး၊ ပြီးတော့

ဘယ်သူ ဘယ်လောက်လှလှ ကျုပ် ရည်းစား မိုးမခ လောက်တော့ ဘယ်မိန်းမမှ မလှပါဘူး”

“အပြောကတော့ ကြွေလောက်ရော၊ အို….တကယ်ပဲ ကြွေကျသွားပါပြီ”

ခ က ထိုင်နေရာကနေ ခန္ဓာကိုယ်ကို ပျော့တွဲခွေခေါက်ပုံကျသွားသလို ပုံစံမျိုး လုပ်ပြလိုက်ရာ ဂုဏ်ရောင့်မှာ ထိုပုံစံလေးကို ရယ်လည်းရယ်ချင်၊ ချစ်စနိုးလည်းဖြစ်ရလျက် ခ ပါးလေးကို ရွှတ်ခနဲ လှမ်းနမ်းလိုက်ပြီး တစ်ဖက်သို့လှည့်၍ မသိချင်ယောင် ဆောင်နေလိုက်ပါသည်။

“ဦးမျိုးဂုဏ်ရောင်နော်၊ အဲ့ဒါ ဘာလုပ်တာလဲ..”

“ဟင်..ဘာလုပ်လို့လဲ၊ ဩော်..ကိုယ် စောစောက နုပ်ချေးတစ်ချက် ရှုံ့လိုက်မိတယ် ထင်တယ်”

ဂုဏ်ရောင်က ခကို အူကြောင်ကြောင် အကြည့်မျိုးဖြင့် လှည့်ကြည့်ရင်း ပြောလိုက်တာမို့ ခက ဂုဏ်ရောင့်ပခုံးကို ထုရိုက်ပစ်လိုက်ပါသည်။

ဂုဏ်ရောင်က ရယ်မောရင်း ခလက်တွေကို မရရအောင် လိုက်ဖမ်းချုပ်ထားလိုက်ပြီးမှ ခ ပခုံးလေးကို ထွေးပွေ့ထားမိရင်း..

“ကျုပ်ချစ်သူကဗျာ လူကိုခေါ်လိုက်ရင် ဦးမျိုးဂုဏ်ရောင်၊ ဂုဏ်ရောင်နဲ့ နားဝင်ပီယံ မရှိလိုက်တာ၊ လူတကာကလည်း ဂုဏ်ရောင်၊ ချစ်သူကလည်း ဂုဏ်ရောင်..”

“ဒါကတော့ နှုတ်ကျိုးနေတာကိုး ဂုဏ်ရောင်ရဲ့၊ ဒါပေမယ့် ခ လည်း တစ်ခါ တစ်ခါ ကိုလို့ ခေါ်ပါတယ်နော်..”

“တစ်ခါတစ်ခါ မခေါ်နဲ့၊ အမြဲခေါ်..”

“ခေါ်ချင်ပါဘူး၊ ခေါ်ရမှာ ညှတုတုကြီး၊ ရှက်စရာ..”

“ဟောဗျာ…အချစ်ရေ ဒါလင်ရေ ခေါ်တဲ့သူတွေတောင် ရှိသေးတာ၊

အဲဒါကမှ ညှတုတုဆို ထားပါတော့၊ ကိုလို့ ခေါ်တာ ဘာညှုလို့လဲ”

“အဟင်း...ဂုဏ်ရောင်လို့ ခေါ်ရတာ ပွင့်ပွင့်လင်းလင်း လွတ်လွတ်လပ်လပ်နဲ့ အားရပါးရ ရှိလို့ပါ ဂုဏ်ရောင်ရယ်၊ နှုတ်ကျိုးတာလည်း ကြာပြီလေ..”

နူးညံ့သိမ်မွေ့မှု မရှိပေမယ့် ပွင့်လင်းထက်မြက်သော ပုံစံလေးနှင့် ပဲမရှိ အထာမရှိ အားပါးတရ ပြောနေသော ခကို ဂုဏ်ရောင်က ပြုံးကြည့်နေမိပါသည်။ အဲ့ဒီလို ခနဲ့အတူရှိနေရတဲ့ အချိန်တိုင်းမှာ ဝမ်းနည်းပူဆွေးမှုတွေ့ကို ဂုဏ်ရောင် မေ့နိုင်ပါသည်။

ခ နဲ့ ဂုဏ်ရောင်ဟာ နှစ်နှစ်လောက် သူငယ်ချင်းအဖြစ် ရင်းနှီးခဲ့ကြပြီးမှ ချစ်သူဖြစ်ခဲ့ကြရတာ ပင်။ ခုဆို မိတ်ဆွေသက်တမ်းက နှစ်နှစ်၊ ချစ်သူသက်တမ်းက သုံးနှစ်။ တစ်ယောက်အကြောင်း တစ်ယောက် အတွင်းသိ အဆင်းသိ။ ခက အထွာမကိုင် ပဲမများတတ်သူ၊ ပွင့်လင်းသူမို့ တခြား အတွဲတွေထက် ဂုဏ်ရောင်တို့အတွဲက ရင်းနှီးမှုရှိသည်။ နားလည်မှုလည်း ပိုသည်။

ဂုဏ်ရောင်က မန္တလေးသား စစ်စစ်..။ ခ က ပြင်ဦးလွင်သူ။ သို့သော် ခ အဖေက ဝန်ထမ်းမို့ တစ်မြို့ပြီးတစ်မြို့ လိုက်ပါပြောင်းရွှေ့ရင်း နောက်ဆုံးတော့ မန္တလေးမှာ အခြေချသည်။ ဂုဏ်ရောင် မန္တလေးတက္ကသိုလ်မှာ နောက်ဆုံးနှစ်ရောက်မှ ခ က မန္တလေးကို ပြောင်းရွှေ့ရောက်ရှိလာတာမို့ တက္ကသိုလ်မှာ တစ်နှစ် အတူတက်လိုက်ရသည်။ နောက်တော့ နှစ်ယောက်စလုံး ဘွဲ့ရပြီး ခ ကလည်း ဈေးချိုမှာ ရွှေဆိုင်ဖွင့်။ ဂုဏ်ရောင်ကလည်း ဖေဖေ့ စူပါမတ်ကတ်ကို ဝင်ပြီး ဦးဆောင်လိုက်ရပါသည်။ အဲ့ဒီနောက်တော့ တစ်ယောက်အလုပ်ကိစ္စကို တစ်ယောက်ကူညီရင်း တတွဲတွဲနှင့် ချစ်သူဘဝ ရောက်ခဲ့ရတာ ပင်။

ခ ဟာ စီးပွားရေးလုပ်ရာမှာလည်း တော်သည်။

ပေါင်းသင်းဆက်ဆံရေးလည်း ဝင်ဆံ့သည်။ ဂုဏ်ရောင် အလုပ်တွေကိုလည်း အကြံဉာဏ်ပေးနိုင်သည်။ မိန်းကလေးဆိုပေမယ့် ဂုဏ်ရောင့်နောက်မှာ လျှို့ဝင်မှေးမှိန်နေသူမျိုး မဟုတ်။ တန်းတူ ရင်ပေါင်တန်း၍ တွေးခေါ်လုပ်ကိုင်နိုင်သူမျိုးပင်။

“ဂုဏ်ရောင် လူကို ဘာလို့ ပြုံးစေ့စေ့ကြည့်နေတာလဲ”

ခက မေးတော့မှ ဂုဏ်ရောင်က ပိုပြုံးမိရင်း..

“အရင်တုန်းကအကြောင်းတွေ စဉ်းစားမိလို့ပါ”

“ဘာအကြောင်းလဲ..”

“ကိုယ်တို့ ချစ်သူမဖြစ်ခင်က အကြောင်းတွေပေါ့၊ အမှန်အတိုင်း ပြောရရင် ကိုယ်က ခလို ပုံစံမျိုးကို သိပ်သဘောကျတာ မဟုတ်ဘူး”

“အမယ်..”

“စကားကို ဆုံးအောင်နားထောင်ဦးလေ၊ တကယ်တော့ ကိုယ်က မိန်းကလေးဆိုရင် မိန်းမပီသ သိမ်မွေ့နူးညံ့တဲ့ သူမျိုးကိုပဲ သဘောကျခဲ့တာ၊ ခနဲ့တွေ့တာမှ အရမ်းချစ်မိသွားလို့သာ ကိုယ် သဘောကျတဲ့ အချက်တွေကို မေ့နိုင်သွားတာ၊ ခုတော့လည်း ခ ရဲ့ ပွင့်လင်းတဲ့ စရိုက်လေးတွေ၊ ထက်မြက် သွက်လက် ချက်ချာမှုလေးတွေက ကိုယ့်ကို ဖမ်းစားသွားပါပြီ”

“အပြောကောင်းတယ်”

ခက သူ့ကို ချစ်စနိုး မျက်စောင်းတစ်ချက် ထိုးသည်။ ခ က ဒေါသထွက်လွယ်ပြီး မာနလေးလည်း ရှိပေမယ့် စိတ်ရင်းကလေးတွေ ကောင်းရှာသည်။ ပြီးတော့ အညှိုးအတေးမရှိ၊ ပြေလွယ် ပျောက်လွယ်သူမျိုးပင်။ စကားကို ကပ်ပြောတတ်သည့် နေရာမှာတော့ ခက ကျွမ်းကျင်သူကြီးပင်။ စကားနာထိုးတတ်၊ ဂျီကျတတ်တာလေးတွေလည်း ရှိ၊ တစ်ခါတရံ သူမဆန္ဒကို

ရှေ့တန်းတင်တတ်တာတွေလည်း ရှိတာမို့ ထိုအခါမျိုးမှာ ဂုဏ်ရောင်နှင့် ခတို့ စကားများကြရတတ်ပါသည်။ ပြီးတော့လည်း ပြီးတာပင်။ ရန်ဖြစ် ပြန်ချစ်ပေါ့..။ တစ်ယောက်ကို တစ်ယောက် စိတ်ကုန်ရတာ မျိုးတော့ မရှိခဲ့ဖူးပါ။

"ဂုဏ်ရောင် ..အင်း..မဟုတ်ပါဘူး...ကို"

"ခေါ်သံကြီးကလည်း တောင့်တောင့်နဲ့ မိန်းကလေးဖြစ်ပြီး ချွဲချွဲပျစ်ပျစ်လေး ခေါ်မယ် စိတ်မကူးဘူး"

"ဩော်..အဲ့လိုမျိုးကို ကြိုက်တာလား၊ ဒါဆို ခေါ်ရမှာပေါ့..ကို၊ ကို...၊ ကိုလို့ဆို.."

"ဟား..ဟား..ကြားရတာ နားထဲတောင် ကလိကလိ ဖြစ်လာတယ်၊ ရယ်စရာကြီး ၊ တော်ပြီ..ဂုဏ်ရောင်ပဲ ခေါ်ချင် ခေါ်တော့"

ခနဲ့ကတော့ အမြဲ ဟာသဖြစ်နေရတတ်ပါသည်။ ခ ညူတုတုလုပ်ပြီဆို တကယ့်ကို ရယ်စရာဖြစ်သွားတတ်လို့ပင်။ ခဟာ လူကလေးက ချောလှပေမယ့် ပုံစံက သိပ်မန္တဲ့နှောင်းလှပါ။ ခ အသားက ဖြူသည်။ မျက်ခုံးက ထူထူနက်နက် ထင်းထင်း နှာတံက မြင့်မြင့်၊ နှုတ်ခမ်းက ခပ်ပါးပါး အလျားရှည်ရှည်၊ မျက်နှာပြင်က ဖောင်းဖောင်းမို့မို့ မဟုတ်၊ ပါးပါးချပ်ချပ်နှင့် မေးရိုးက သိပ်မသွယ်..၊ အရပ်က ရှည်ကာ ပိန်ပိန်ပါးပါး ခါးကြောရှည်ရှည် ပခုံးကားကားနှင့် ခပုံစံက မော်ဒယ်လို စတိုင်လ်မျိုး။ ကောက်သားပါသည့် ဆံပင်ကို အထပ်အထပ် စတပ်ခုတ်ထားသည့် ဆံပင်တွေ ကျောလည်ပေါ် ကော့ပျံ့ဝဲကျလျက်၊ ပေါ့ပေါ့ပါးပါး ဂျင်းဘောင်းဘီနှင့် တီရှပ်အကျပ်လေးပေါ်မှာ ကုတ်အကျႌခါးတိုတိုလေးတွေ ထပ်ထပ်ဝတ်တတ်သော ခ ပုံစံက ခပ်မိုက်မိုက်။ ဈေးပိတ်သည့်ရက်တွေမှာ မန္တလေးတောင်ခြေ ဂေါ်ဖ့်ကွင်းမှာ ဂေါ်ဖ့်သွားသွားရိုက်တတ်သော ခ ဟာ အမြဲ ကျန်းမာရှင်လန်း တက်ကြွနေတတ်မြဲပင်။

"ဂုဏ်ရောင်..ရန်ကုန်မှာ ဘယ်လောက်ကြာမှာလဲ.."

“အခြေအနေ ကြည့်လိုက်ဦးမယ်လေ၊ ကိုယ့်ဘက်က ဘာမှ သိပ်ကူညီစရာ မလိုဘူးဆိုရင် စောစော ပြန်လာမှာပေ့ါ၊ ကူညီစရာလေးတွေ ရှိရင်တော့ နည်းနည်းကြာမှာပေ့ါ..၊ ကိုယ့်မှာ ဖုန်းလည်း ပါသွားမှာပဲ၊ ခနဲ့ အမြဲ အဆက်အသွယ်ရှိနေမှာပဲလေ..”

“ခက ဖုန်းနဲ့ အမြဲ Crack နေမှာ”

“သဘောပါကွာ၊ ခ သဘောပါ”

“စူပါမက်ကတ်ကိုရော ထားခဲ့လို့ ဖြစ်ရဲ့လား”

“ဖြစ်ပါတယ်၊ ကိုယ့် မန်နေဂျာက စိတ်ချရပါတယ်၊ ခလည်း အားရင် တစ်ချက် တစ်ချက် လှည့်ဝင်ပေးပါဦး”

“စိတ်ချပါ.ခ ဆိုင်က ညနေဆို ပိတ်ပြီလေ၊ ဂုဏ်ရောင် စူပါမတ်ကတ်က ညထိ ဖွင့်တာဆိုတော့ ညနေပိုင်းတွေ ခ ဝင်ဝင်ကြည့်ပေးလို့ ရပါတယ်၊ လိုအပ်တာတွေ့ရင် ဂုဏ်ရောင့်ဆီ ဖုန်းဆက်ပြောမှာပေ့ါ၊ ဂုဏ်ရောင်သာ အဲ့ဒီကိစ္စကို အဆင်ပြေအောင် ကြည့်ရှင်းခဲ့၊ အားနာပြီး အိရော အိရောတော့ လုပ်မနေနဲ့..”

“ဟုတ်ကဲ့ပါ၊ ဟုတ်ကဲ့ပါ.. စိတ်ချပါ မမ မိုးမခရယ်”

ဂုဏ်ရောင်က ကတိ အထပ်ထပ် ပေးနေပေမယ့် ခကဖြင့် ဂုဏ်ရောင့်ကို စိတ်မချနိုင်ပါ။ လူတစ်ဖက်သားအပေါ် စာနာ ဖေးမ နားလည်ပေးတတ်သော၊ အားနာတတ်လွန်းသော ဂုဏ်ရောင့်အကြောင်းကို ခ အသိဆုံးပင်။ ဂုဏ်ရောင်က အေးဆေးတည်ကြည်သည်။ ဂုဏ်ရောင့် အသက် နှစ်ဆယ့်ခုနှစ်နှစ် ဆိုတာ လူငယ်လို့ ပြောလို့ရပေမယ့် ဂုဏ်ရောင်က လူငယ်ရယ်လို့ သွားလာ ပျော်ပါးမှုလည်း မရှိဘဲ ကျောင်းပြီးကတည်းက အလုပ်ထဲမှာ နစ်နေခဲ့ရတာ ပင်။

ပြီးတော့ ဂုဏ်ရောင့် စိတ်ဟာ နူးညံ့သိမ်မွေ့ပြီး တစ်ဖက်သားအပေါ် သနားလွယ်သဖြင့် ခ က ပိုပြီး စိတ်မချနိုင်တာပင်။

“ဂုဏ်ရောင်..”

“ပြောလေ ခ..”

“ခ တစ်ခုတော့ မှာလိုက်ချင်တယ်”

“မှာပါ.. မှာပါ”

“ခ ကလေ ကိုယ်သိပ်ချစ်တဲ့ ချစ်သူကို အခြေအနေတစ်ခုခုကြောင့် စွန့်လွှတ်လိုက်ရတယ် ဆိုတဲ့ အဖြစ်မျိုးကို ဘယ်တော့မှ လက်သင့်ခံမယ့်သူ မဟုတ်ဘူး၊ ခ ဘယ်တော့မှလည်း မပျော့ညံ့ ဘူး၊ ဂုဏ်ရောင်လည်း မပျော့ညံ့ပါနဲ့၊ ဂုဏ်ရောင်က ခ ကို မချစ်တော့လို့ဆိုတဲ့ အကြောင်းပြချက် တစ်ခုကလွဲရင် ဘယ်လိုအကြောင်းပြချက်ကြောင့်ပဲဖြစ်ဖြစ် ခ ဂုဏ်ရောင်နဲ့ မခွဲဘူး၊ ခ ကို မချစ်တော့ဘူးဆိုရင်လည်း ခက ဂုဏ်ရောင့်ကို ကုပ်ကပ်တွယ်နေမယ့်သူ မဟုတ်ဘူး”

“ကိုယ် နားလည်ပါတယ် ခ ရယ်”

ဂုဏ်ရောင်က ခ လက်ဖဝါးတွေကို ဖျစ်ညှစ်လိုက်တော့ ခကလည်း ဂုဏ်ရောင့် လက်ဖဝါးတွေကို ခပ်တင်းတင်း ပြန်ဆုပ်ထားလိုက်သည်။

ခတို့ လက်တွေ ခိုင်ခိုင်မြဲမြဲ တွဲနေသည်။

*****

(၄)

ဂုဏ်ရောင်သည် အုတ်တံတိုင်း မြင့်မြင့်ခတ်ထားသော ခြံဝန်းကျယ်ကြီးရဲ့ ရှေ့မှာ ကားရပ်လိုက်ပြီး ခြံနံပါတ်ကို သေချာအောင် လှမ်းကြည့်မိသည်။ ကြည့်ရင်း တစ်ချက်တော့ သမ်းလိုက်မိသေးသည်။ မနက် ၄ နာရီ ထပြီး မန္တလေးကနေ ရန်ကုန်ထိ တောက်လျှောက် ကားမောင်းလာခဲ့တာမို့ ဂုဏ်ရောင် ဒီခြံရှေ့ကို ရောက်ချိန်ဟာ ညနေ ၆ နာရီပင် ထိုးလုနေပြီ။ လူလည်း ပင်ပန်း အိပ်ချင်နေပါသည်။

ဖေဖေ ရေထားပေးခဲ့သည့် လိပ်စာအရဆို ဒီခြံပဲ ဖြစ်လိမ့်မည်ထင်သည်။

ဒီခြံကို တွေ့ဖို့ တော်တော် ကြိုးစားရှာယူလိုက်ရပါသည်။ ဒေါ်စောနန်းနွယ်တို့ ခြံဟာ ခုနစ်မိုင်နားက လမ်းသွယ်မှာ..။ လမ်းကျဉ်းကျဉ်းရဲ့ ဟိုးအတွင်းကျကျဆီက မြေနိမ့်ချိုင့်ဝှမ်းတွေ၊ သစ်ပင်အုပ်တွေ အလွန်မှာ လမ်းက နိမ့်မြင့်ကွေ့ကောနေသည်။ ဒီခြံကြီးက လမ်းရဲ့အဆုံးမှာ သီးသန့်ရှိနေပြီး အိမ်ရဲ့ ဟိုဘက်မှာ လူသူမရှိသည့် မြေရိုင်းလွင်ပြင်ကိုသာ တွေ့ရသည်။

ဒီခြံရဲ့ ဟိုဘက်မှာ လမ်းလည်းမရှိ။ လူနေအိမ်လည်း မရှိ။ မြို့ပရဝဏ်အတွင်းမှာ ဖြစ်သော်လည်း ဒီနေရာဟာ ရန်ကုန် မြို့ပြကြီးမှ ဟုတ်ရဲ့လားဟု ဇဝေဇဝါဖြစ်ချင်စရာပင်။ ဒီလိုနေရာကနေ အပြင်သွားမယ်ဆိုရင် ကားမရှိဘဲတော့ သွားဖို့မလွယ်။ ကိုယ့်ခြံထဲ ကိုယ်ပိတ်နေ လိုက်လျှင် ပတ်ဝန်းကျင်နှင့် အဆက်အသွယ် ဖြတ်နေလို့ရသည်။ ဒီလုနေရာမျိုးဟာ စျေးကြီးတာကို တော့ ဂုဏ်ရောင် သိပါသည်။

“တီ.. တီ..”

ဂုဏ်ရောင် ကားဟွန်းတီးလိုက်တော့ အလုံပိတ်သံတံခါးမြင့်မြင့်ရဲ့

ဘေးက လူဝင်ပေါက်လေး ပွင့်ပြီး ဦးလေးကြီး တစ်ယောက် ထွက်လာပါသည်။

"ဦးလေး...ဒါ ဒေါ်စောနန်းနွယ်တို့ အိမ်လားခင်ဗျ"

"ဟုတ်တယ်ကွယ့်..၊ ဒေါ်စောနန်းနွယ်ကတော့ ဆုံးရှာပါပြီ၊ မောင်ရင်က ဘယ်သူများလဲ"

"ကျွန်တော်က ဦးဆွေမျိုးရဲ့ သားပါ.."

"သြော်.. မောင်မျိုးဂုဏ်ရောင်ဆိုတာ ထင်တယ်၊ ဒီနာမည်ကို ဦးဆွေမျိုး ပြောပြထားလို့ ဦးလေး သေချာမှတ်ထားတာ.."

"ဟုတ်ပါတယ် ခင်ဗျ၊ ကျွန်တော် ဂုဏ်ရောင်ပါ"

"အေး..အေး..လာကွယ့်၊ ဝင်၊ ဦးလေး တံခါးဖွင့်ပေးမယ်၊ ဦးလေးတို့လည်း မင်းကို မျှော်နေကြတာ၊ ဦးလေးက နွယ်နှင်းဆီရဲ့ အထိန်းတော် ဒေါ်လေးရှင်ရဲ့ ယောကျ်ားပါ"

"ဟုတ်ကဲ့..နွယ်နှင်းဆီကို ဦးလေးတို့ပဲ ဆက်စောင့်ရှောက်နေတယ်ဆိုတာ ဖေဖေ ရေး..အဲ..ဖေဖေ ပြောလို့ သိထားပါတယ်"

ဂုဏ်ရောင်က ထိုဦးလေးကြီးကို ကားပေါ်ကဆင်း၍ နှုတ်ဆက်စကား ဆိုပြီးမှ ကားပေါ် ပြန်တက်ကာ အသင့်ဖွင့်ထားသော ခြံတံခါးကို ကျော်ဖြတ်မောင်းဝင်လာပါသည်။

ခြံဝန်းက ကျယ်ဝန်းသောလည်း ရှင်းလင်းပြန့်ပြူးမှုတော့ မရှိပါ။ စနစ်တကျ ပြုပြင်ထားသည့် မြက်ခင်းမျိုးမရှိဘဲ သဘာဝ အတိုင်း ပေါက်နေသည့် သရက်ပင်၊ မာလကာပင်များသာ ရှိနေသည်။ အိမ်ကတော့ ဟိုးနောက်ဘက်ကျကျဆီမှာ..၊ ရှေးပုံစံ နှစ်ထပ်တိုက်ကြီးက ကြီးမားခံ့ထည်သော်လည်း သစ်လွင်လန်းဆန်းမှုမျိုးမရှိဘဲ မှိုင်းညို့ဆိတ်ငြိမ် နေပါသည်။

အိမ်ကြီးရှေ့မှာ ဂုဏ်ရောင့် ကားရပ်တော့ ခပ်ဝဝ အဒေါ်ကြီး တစ်ယောက် အိမ်ထဲမှထွက်လာကာ..

"ဘယ်သူများပါလိမ့်"

ဟု ရေရွတ်ရင်း ဂုဏ်ရောင့် ကားဆီ လျှောက်လာသည်။

ဂုဏ်ရောင်က ကားပေါ်က ဆင်း၍ ဦးညွှတ်နှုတ်ဆက်လိုက်ရင်း..

"ကျွန်တော် ဦးဆွေမျိုးသား မျိုးဂုဏ်ရာင်ပါ၊ အန်တီက ဒေါ်လေးရှင် ထင်တယ်"

"ဟုတ်ပါတယ်..ဟုတ်ပါတယ်၊ ကြွပါ..အဒေါ်လည်း မင်းကို မျှော်နေတာကွယ့်၊ ဒါနဲ့ ခရီးရောက်မဆိုက် မေးပါရစေ၊ ဦးဆွေမျိုး တစ်ယောက်ကော နေကောင်းရဲ့လား"

ဩော်..မသိရှာသေးဘူကိုး။ ဂုဏ်ရောင်သည် ရင်ထဲ တစ်ချက်နင့်သွားပြီးမှ လေသံပျော့ပျော့နှင့်..

"ဖေဖေ ဆုံးပြီ ခင်ဗျ"

"ဟင်.."

ဒေါ်လေးရှင်က တအံ့တသြ ငြိမ်သက်သွားပြီးမှ ဝဲလာသည့် မျက်ရည်စကို အကျႌလက်မောင်းစဖြင့် ပင့်သုတ်လိုက်ရင်း..

"အဒေါ်က သူ နေရဦးမယ်ပဲ မှတ်တာကွယ်"

ဟု အသံတုန်တုန်ဖြင့် ပြောသည်။

အဲ့ဒီနောက်တော့ ဦးမင်းနိုင်လည်း အနားရောက်လာ၊ ဖေဖေ့ သတင်းကြား။ စိတ်မကောင်းစွာ အတိတ်အကြောင်းတွေ ပြန်ပြောင်းပြောကြပြီးနောက်မှာတော့ လင်မယား နှစ်ယောက်လုံးက ဂုဏ်ရောင့်ကို

လှိုက်လှိုက်လှဲလှဲ ကြိုဆိုဧည့်ခံခဲ့ကြပါသည်။

“မရှင်ရေ..မောင်ဂုဏ်ရောင့်ခမျာ ခရီးပမ်းလာရှာတာ၊ အမောပြေ အအေးလေး ဘာလေး လုပ်ပါဦးကွ”

ဒေါ်လေးရှင်က ဂုဏ်ရောင့်အနားက ထသွားသည်။ ခုချိန်ထိတော့ နွယ်နှင်းဆီကို အရိပ်အယောင်တောင် တွေ့ရသေးပါ။

အဲဒီ နောက်တော့ ဂုဏ်ရောင်က ဒေါ်လေးရှင် လာချပေးသော အအေးကို ယူသောက်နေဆဲ ဒေါ်လေးရှင်က စကားပြောချင်စိတ် စောနေပုံဖြင့်..

“မောင်ဂုဏ်ရောင့်ကို တွေ့ရတာ အဒေါ်ဖြင့် အားကိုရှိသွားတာပဲကွယ်၊ မောင်ဆွေမျိုးက သူနေမကောင်း မဖြစ်ခင်က သမီးချောနဲ့ ပေးစားမယ်လို့ လာပြောသွားကတည်းက အဒေါ်ဖြင့် ဝမ်းသာလိုက်ရတာ ..”

“သမီးချောဆိုတာက…”

“နွယ်နှင်းဆီရဲ့ အိမ်နာမည်လေ”

“ဪ”

“မစောနန်းနဲ့ မောင်ဆွေမျိုးအကြောင်းကို အဒေါ်တို့လည်း သိကြပြီးသားလေ၊ အရင်တုန်းကတော့ မောင်ဆွေမျိုးက ရက်စက်လူကြီးပေါ့ကွယ်၊ နောက်တော့လည်း သူ့အပြစ် သူသိပြီး တောင်းပန်ရှာပါတယ်၊ မစောနန်းကလည်း စိတ်ကြီးသူဆိုတော့ ခွင့်မလွှတ်ဘူး၊ မစောနန်း ဆုံးတော့မှ အဒေါ်တို့နဲ့ ရဲရဲတင်းတင်း၊ ပြောဆိုဆက်သွယ်ရဲတာ၊ သမီးချောဘဝအတွက် အကောင်းဆုံးဖြစ်အောင် သူ ခုလို စီစဉ်ပေးခဲ့တဲ့အတွက် အဒေါ်တို့ကတော့ ကျေးဇူးတင်မဆုံးပါ ဘူးကွယ်၊ အဒေါ်တို့လည်း သမီးချော သံယောဇဉ်ကြောင့်သာ ဒီမှာနေနေရတာ ၊ မင်းတို့ လက်ထပ်ပြီးကြရင်တော့ အဒေါ်တို့ နယ်ပြန်ပြီး နေကြတော့မယ်လို့ စိတ်ကူးထားတာ”

ဂုဏ်ရောင်မှာ သောက်လက်စ အအေးပင် သီးနင်ချင်သွားသည်။ ဂုဏ်ရောင့်ကို ဘယ်အချိန်ကလည်းက အားကိုးမျှော်လင့်နေသည်မသိသော ဒီလင်မယားသာ ဂုဏ်ရောင့်အကြံအစည်ကို သိရင် ဘယ်လောက် စိတ်ဆင်းရဲရှာမည် မသိပါ။

ဂုဏ်ရောင်တော့ နွယ်နှင်းဆီကို ချက်ချင်း မပြောသေးတောင် ဒေါ်လေးရှင်တို့ကိုတော့ သူ့အကြောင်း ကြိုတင်ဖွင့်ပြောဖို့ ရည်ရွယ်ခဲ့တာ။ ခုတော့ အားနာစိတ်ဖြင့် ပြောမထွက်သာ။

"ဒါနဲ့ နွယ်နှင်းဆီရော ရှိပါသလား ခင်ဗျ"

"ရှိတယ်..ရှိတယ်၊ သူကတော့ အိမ်မှာ အမြဲရှိပါတယ်ကွယ်၊ သူ့အကြောင်းလည်း မောင်ဂုဏ်ရောင် သိအောင် ကြိုပြောထားရဦးမယ်..

သူ့ခမျာ အသက်ကသာ အစိတ်နားနီးနေပေမယ့် အသိဉာဏ်ကတော့ အသက်ထက် ငယ်တယ်ကွယ့် ။ အိမ်ထဲမှာပဲ နေပြီး ဘာအကြားအမြင် ဗဟုသုတမှ မရှိတော့ သူ့ကြည့်ရင် ကလေးလေးလိုပဲ၊ ဖြူစင်လွန်းတယ်၊ လောဘ ဒေါသရယ်လို့လည်း သူ့မှာမရှိဘူး၊ ငယ်ငယ်လေးကတည်းက သူ့အမေ အရိပ်အောက်မှာ အေးအေးချမ်းချမ်း နေလာခဲ့တဲ့ ကလေး"

"သူ ကျောင်းရော မနေဖူးခဲ့ဖူးဘူးလား"

"လေးတန်းအထိတော့ နေရတယ်၊ နောက်တော့ ကျောင်းထုတ်ပြီး အိမ်မှာ ဆရာမ ခေါ်သင်တယ်လေ၊ ရှစ်တန်းစာလောက်အထိတော့ သင်ဖူးပါတယ်..၊

"လူထဲသူထဲ သွားဖူးလာဖူးလည်း သိပ်မရှိ၊ ဒီလိုပဲ မျက်စိပိတ် နားပိတ် တံခါးပိတ် နေလာတော့ ခုချိန်မှာ ပိုက်ဆံ ဘယ်လောက်ရှိရှိ သူ့ဘာသာ ရပ်တည်နိုင်ဖို့ ခက်ခဲပြီပေါ့...၊"

"သူ့အမေ ဆုံးပြီး နောက်ပိုင်းကျတော့ အဒေါ်တို့ကလည်း သူ့ကို

အပြင်သွားဖို့ ခေါ်တယ်၊ လူတွေနဲ့ ထိတွေ့ပေးချင်တယ်၊ ဒါပေမယ့် သူက သူ့အမေစကားကို တစ်သက်လုံး နားထောင်မှာ ဆိုပြီး သူ့အမေ ချခဲ့တဲ့ပုံစံအတိုင်း ဆက်နေနေတာပဲကွယ်”

ဂုဏ်ရောင်မှာ ဒေါ်လေးရှင် ပြောသမျှကို နားထောင်ရင်း နွယ်နှင်းဆီကို စိတ်ဝင်စားမိလာပါ သည်။ သူမဟာ သနားစရာ ကောင်းတဲ့ မိန်းကလေးဆိုတာတော့ သေချာပါသည်။

“မလေးရှင်…သမီးချောကို ဆေးတိုက်ပြီးပြီလား”

စကားဝိုင်းမှာ ထိုင်နေသော ဦးမင်းခိုင်က လှမ်းမေးတာမို့ ဒေါ်လေးရှင်က ခေါင်းညိတ်ပြရင်း..

“ပြီးပြီ ကိုမင်းခိုင်၊ သူ အိပ်ပျော်နေတာ ကြာပြီ၊ နိုးပြီလားတောင် မသိဘူး”

“နွယ်နှင်းဆီက နေမကောင်းဖြစ်နေတာလား”

“ဟုတ်တယ်ကွယ့်…ဖျားနေတာ နှစ်ရက်ရှိပြီ”

“ဆေးခန်း မပြဘူးလား”

“အဒေါ်တို့က ပြပေးချင်ပါတယ်၊ ဆေးခန်းသွားဖို့လည်း အကြိမ်ကြိမ် ခေါ်ပါတယ်၊ ဒါပေမယ့် သူက ငြင်းတယ်လေ၊ သူတို့ သားအမိ နေမကောင်းဖြစ်ရင် လာကုပေးနေတဲ့ ဆရာဝန်မကြီးက နိုင်ငံခြားသွားနေလို့ ဒီလမ်းထိပ်က ဆရာဝန်ကို ခေါ်ပေးမလို့ဟာ သူ့အမေက ယောကျ်ားဆရာဝန် ကုတာ ကြိုက်မှာမဟုတ်ဘူးဆိုပြီး ပေကပ်နေနေတယ်”

“ဆေးရော တိုက်ထားလား”

“ဗမာဆေးပဲ တိုက်ထားတယ်”

“တော်တော်များ ဖြစ်နေသလား၊ ကြည့်ပါဦး အဒေါ်ရယ်”

"နေဦး...အဒေါ်သွားကြည့်လိုက်ဦးမယ်"

ဒေါ်လေးရှင်က အောက်ထပ် အခန်းတစ်ခန်းထဲ ဝင်သွားပြီးမှ ပျာယီးပျာယာ ပြန်ထွက်လာကာ..

"အမလေး မောင်ဂုဏ်ရောင်ရေ ဒုက္ခပါပဲကွယ်၊ သမီးတစ်ကိုယ်လုံး ပူခြစ်နေတာပဲ၊ မျက်လုံးတောင် မဖွင့်ဘဲ ညည်းနေလိုက်တာ လာကြည့်ပေးပါဦးကွယ်"

ဒေါ်လေးရှင် ပုံစံက အရမ်းစိတ်ပူနေပုံမို့ တော်တော်များ အခြေအနေဆိုးနေသလားဟု တွေးရင်း ဂုဏ်ရောင် စိတ်ပူသွားမိပါသည်။ သူ ဒေါ်လေးရှင်နောက်သို့ လိုက်လာခဲ့သည်။ ဒေါ်လေးရှင်က အခန်းတံခါးကို ဖွင့်ဟပေးပြီး သူ့ကို အခန်းထဲ ဝင်စေသည်။ သူ ဒေါ်လေးရှင် ရှေ့မှ ကိုယ်ကိုရို့ကာ အခန်းထဲသို့ လှမ်းဝင်ရင်း ခုတင်ဆီသို့ လှမ်းကြည့်လိုက်မိသည်။

ခုတင်ပေါ်က မြင်ကွင်းက ဆန်းကျယ်သလိုမို့ သူ့ရင်ထဲမှာ ထိတ်ခနဲ တုန်လှုပ်သွားမိသည်။

ဆွတ်ဆွတ်ဖြူသော အိပ်ရာပေါ်မှာ အဝက်စလေးတစ်စ ခွေခေါက်ချထားသလို လဲလျောင်းငြိမ်သက်နေသော မိန်းကလေး တစ်ယောက်။

ခြေသလုံး အလယ်လောက်ထိ ရှည်မည်ထင်ရသော သူမရဲ့ ဆံပင်တွေက အိပ်ရာခင်း အဖြူပေါ်မှာ ပြန့်ကျဲနေသည်။ ခေါင်းအုံးတစ်ဝိုက်မှာ စံပယ်ပန်းတချို့။ လက်ဖျား၊ ခါးဖျားနှင့် ရင်ဖုံး ပတ်လည်မှာ ပိုးစအနားပြားတွေပါသော မြန်မာအကျႌ လက်ရှည်က ရှေးခေတ် ရှမ်းသွေးပါသူတွေ ဝတ်လေ့ရှိသည့် နန်းဆန်ဆန် ပုံမျိုး၊ ပိုးပျော့လုံခြည်လေးကို သေသေသပ်သပ် ဝတ်ထားသော သူမပုံစံက လဲလျောင်းနေတာတောင် ဣန္ဒြေအပြည့်ရှိနေသလိုပင်..။ ဝါဖျော့သော အသားအရေက ထူးခြားလှပနေသည်။ သူမက မျက်လုံးမှေးမှိတ် ငြိမ်သက်ရင်း တစ်ချက်တစ်ချက်မှာ ညည်းညူသံ သဲ့သဲ့ ထွက်လာသည်။

“ကျွန်တော် နဖူး စမ်းကြည့်လို့ ဖြစ်လား”

“ဖြစ်ပါတယ်၊ စမ်းပါ..စမ်းပါ”

ဒေါ်လေးရှင်ထံမှ ခွင့်တောင်းပြီး သူမ နဖူးကို စမ်းကြည့်မိတော့ ခြစ်ခြစ်တောက် ပူနေသည်။

“ကျွန်တော့်ကို အဝတ်စသန့်သန့်နဲ့ ဇလုံတစ်လုံးနဲ့ ရေခဲပါ ယူခဲ့ပေးပါ”

ဦးမင်းခိုင်က အခန်းထဲမှ ခပ်သုတ်သုတ် ပြန်ထွက်သွားသည်။ ထို့နောက် ရေခဲဝတ်အုပ်ဖို့ လိုအပ်သော ပစ္စည်းတွေ ယူပြီး ပြန်ရောက်လာသည်။

သူက သူမ နဖူးပေါ်ကို ရေခဲဝတ်အုပ်ပေးနေရင်း..

“ဒေါ်လေးရှင် ဒီနားနီးနီးမှာ ဆေးခန်းရှိလား”

“နီးနီးနားနားတော့ မရှိဘူး၊ လှည်းတန်းဘက် သွားမှရမယ်၊ အဲဒီမှာဆိုရင်တော့ ဆရာဝန်မ လည်း ရှိလိမ့်မယ်”

“ဒါဆို အပူနည်းနည်းကျတာနဲ့ ကျွန်တော်တို့ ဆေးခန်းသွားကြရအောင်”

“မောင်ဂုဏ်ရောင့် သဘောပါပဲကွယ်၊ ကောင်းသလိုသာ စီစဉ်ပါတော့..”

သူက နွယ်နှင်းဆီကို ရေခဲဖတ်အုပ်ပေးနေရင်း ခကို ဖျတ်ခနဲ သတိရလာမိသည်။ ခ သာ ဒီအဖြစ်ကို မြင်ရင် ဘာပြောမလဲ။ အူတိုမှာတော့ သေချာသည်။ မတတ်နိုင်ဘူး ခ ရေ၊ ကိုယ်ရောက်တဲ့နေ့မှာပဲ ဒီမှာက ဒီအဖြစ်မျိုးနဲ့ဆိုတော့ ခရီးရောက်မဆိုက် ကူညီရတော့တယ်။

“အင်..”

သူမထံမှ ညည်းညူသံတစ်ချက်၊ ပြီးတော့ မျက်တောင်ကော့တွေ လှုပ်လာပြီး မျက်လုံးက ညင်သာစွာ ပွင့်လာပါသည်။

“ဟင်..”

သူမက ဂုဏ်ရောင့်ကိုမြင်တော့ ထိတ်လန့်သွားပြီး

"မေမေရှင်ရေ.."

ဟု တိုးတိုးလေး လှမ်းခေါ်လိုက်သည်။ ပြီးတော့ ခပ်ဖြည်းဖြည်း အားယူထထိုင်ပြီး ဆံပင်တွေကို တစ်ပတ်လျှိုထုံးလိုက်သည်။ မျက်လွှာကိုတော့ ချထားပါသည်။

"သမီး..လှဲနေလေ ၊ နေသာသလိုနေ.."

ဒေါ်လေးရှင်က သူမနားသို့ ရောက်သွားပြီး ပျာပျာသလဲ ပြောသည်။ သူမက ကျုံ့ကျုံ့ရုံ့ရုံ့ လေးဖြစ်အောင် ပြင်ထိုင်လိုက်ရင်း..

"ဧည့်သည်ရှေ့မှာ လှဲမနေပါရစေနဲ့ မေမေရှင်၊ သူက ဘယ်သူလဲဟင်"

"သူက မောင်မျိုးဂုဏ်ရောင်လေ.."

"သြော်..ရောက်လာပြီကိုး."

သူမက ဂုဏ်ရောင့်ဖေဖေရဲ့ အစီအစဉ်ကို ကြိုသိထားတာ သေချာပါသည်။

"နွယ်နှင်းဆီ နေသာသလို လှဲနေပါ၊ ကျွန်တော့်ကို အားမနာပါနဲ့၊ နွယ်နှင်းဆီကို ကြည့်ရတာ အရမ်းဖျော့တော့နေတယ်၊ ခဏနေ ဆေးခန်းသွားလိုက်ကြရအောင်"

"မသွားပါစေနဲ့.."

"မသွားလို့ မဖြစ်ဘူးလေ"

"ရပါတယ်၊ သမီး နေသာလာပါပြီ၊ မနက်ဆို ကောင်းသွားမှာပါ၊ ပြီးတော့ မနက်ဆို အန်တီ ဆရာမကြီးလည်း ပြန်လာတော့မှာ"

သူမကိုယ် သူမ "သမီး ဟု သုံးနှုန်းတာကို သတိပြုမိသည်။

အိမ်ကလူကြီးတွေရှေ့မှာ သမီးဟု ပြောနေကျမို့ နှုတ်ကျိုးနေပုံပင်။”

“အန်တီ ဆရာမကြီးဆိုတာ..”

“သူ့ကို ကုနေကျ မိတ်ဆွေ ဆရာမကြီးကို ပြောတာ မောင်ဂုဏ်ရောင်ရေ..”

သူမ ပြောပုံဆိုပုံနှင့် မျက်နှာထားလေးက ကလေး သူငယ်ဆန်သည်။ ခုန ဂုဏ်ရောင့်ကို ဖျတ်ခနဲ ကြည့်လိုက်တဲ့မျက်ဝန်းတွေက အဖြူထည်ဆန်လွန်းတာကို သူ သတိပြုမိသည်။

“ဒါဆိုလည်း ပြန်လှဲလိုက်ပါလား နွယ်နှင်းဆီ၊ ရေခဲဖတ်လေး ဆက်အုပ်ရအောင်”

“ကျေးဇူးတင်ပါတယ် အစ်ကို၊ ဒါပေမယ့် မေမေရှင်ပဲ ဆက်အုပ်ပါစေ”

“သြော်..ကျွန်တော်လုပ်တာ မကြိုက်ဘူးထင်တယ်”

“မယ်မယ်သာ ရှိရင် သမီးအခန်းထဲ တစိမ်း ယောကျ်ားဝင်တာ ကြိုက်မှာ မဟုတ်လို့ပါ၊ ကျေးဇူးပြုပြီး အပြင်ထွက်ပေးလို့ ရမလားရှင်”

“အိုကေ..အိုကေ..အနှောင့်အယှက်ဖြစ်ရင် ဆောရီးပါ..”

“သမီးကကွယ် မောင်ဂုဏ်ရောင့်ကို အားနာစရာ”

“ရပါတယ် ဒေါ်လေးရှင်၊ သူပြောသင့်ပါတယ်”

ဂုဏ်ရောင်က သူမအခန်းထဲက ထွက်လာပေးလိုက်ပါသည်။ ဒေါ်လေးရှင်ကပါ နောက်မှ လိုက်ထွက်လာရင်း..

“သမီးက ဘယ်တစိမ်းယောကျ်ားနဲ့မှ တရင်းတနှီး အတူမရှိဖူးတော့ အနေခက်ရှာလို့ပါ မောင်ဂုဏ်ရောင်ရယ်၊ ပြီးတော့ သူက အိမ်မှာ စကားပြောရင် သမီး လို့ပဲ ပြောနေကျဆိုတော့ ဘယ်သူ့ကိုမဆို သမီးပဲ ပြောတတ်တော့တယ်”

"ကျွန်တော် နားလည်ပါတယ် ခင်ဗျာ"

"မောင်ဂုဏ်ရောင်ဖို့ အခန်းက အပေါ်ထပ်မှာ ကိုမင်းခိုင်ပြင်ပေးထားတယ်၊ သွားအနားယူ လိုက်တော့လေ.."

"ဟို..ကျွန်တော် ဟိုတယ်မှာပဲ နေဖို့ စီစဉ်ထားတယ် ခင်ဗျ"

"အို..ဒီမှာ အိမ်ရှိတာပဲ၊ ဟိုတယ်ခ ဘာလို့ အပိုအကုန်ခံမလဲ၊ ဒီမှာနေလိုက်ပါ၊ အိမ်ကလဲ အကျယ်ကြီးဥစ္စာ"

ဂုဏ်ရောင်က ဆက်ငြင်းဖို့ စိတ်ကူးပြီးမှ နွယ်နှင်းဆီ နေမကောင်းဖြစ်နေတာကို သတိရကာ

"နွယ်နှင်းဆီက စိတ်ချရပ့ါမလား"

"ဒေါ်လေး စောင့်အိပ်ပေးလိုက်ပ့ါမယ်၊ စိတ်မပူပါနဲ့"

"အဖျားတက်ရင် ကျွန်တော့်ကို အချိန်မရွေး လာနှိုးပါ ဒေါ်လေးရှင်"

"အေးပါကွယ်..တစ်ခုခုဆို အဒေါ်တို့လည်း ဘာလုပ်ရမှန်း သိတာမှမဟုတ်တာ၊ မောင်ဂုဏ်ရောင့်ပဲ အားကိုးရမှာ၊ ဒီလိုအချိန်မျိုးမှာ မောင်ဂုဏ်ရောင် ရောက်လာတာ အဒေါ်တို့ကို ဘုရားမတာပဲ

ဂုဏ်ရာင့်မှာ ရင်လေးလေးနှင့် သက်ပြင်းသာ ကျိတ်ချရင်း အပေါ်ထပ်သို့ တက်လာခဲ့လိုက် ပါသည်။ ခုမှ လူမောတာအပြင် စိတ်မောတာပါ ရောပေါင်းလာတာမို့ အခန်းထဲ ရောက်တာနှင့် ခုတင်ပေါ် လှဲချအမောဖြေနေရသည်။

ဒီအိမ်မှာ ယောကျ်ားသနာ တစ်ယောက်ယောက်ရဲ့ အကူအညီ လိုအပ်နေတယ်ဆိုတာ ခရီးရောက်မဆိုက် ကြုံကြိုက်လိုက်ရတာ မို့ ပိုမောရသည်။

ဒေါ်လေးရှင်တို့ လင်မယားကလည်း ဦးဆောင်နိုင်စွမ်းမရှိ၊ နွယ်နှင်းဆီ ကြည့်ရတာ လည်း အသက်ထက် ငယ်နုသည့် စိတ်ထားမျိုးနှင့် ကိုယ့်ခြေထောက်ပေါ် ကိုယ်မရပ်နိုင်ဘဲ အားနွဲ့လှတာ သေချာနေသည်။

“တီ…တီ..တီ”

ဖုန်းသံကြောင့် ဂုဏ်ရောင် ဖုန်းထည့်ထားသော အိတ်ကို လှမ်းဆွဲယူကြည့်လိုက်သည်။ ခရဲ့ ဖုန်းနံပါတ်၊ ခုမှ တွေ့တာက စောစောက ခေါ်ထားတဲ့ ခရဲ့ misssed call တွေ၊ ခခများ ဘယ်တုန်းကတည်းက စောင့်ခေါ်နေသည်မသိ။ ခုလောက်ဆို စိတ်တောင် ကောက်နေပြီလား မသိပါ။

“ဟဲလို..ခ”

“ခေါ်လိုက်ရတာ ဂုဏ်ရောင်ရယ်၊ ခုမှကိုင်တယ်၊ ခက ဂုဏ်ရောင် ရောက်ပြီလားလို့ ဖုန်းဆက်တာ၊ ဖုန်းက မကိုင်တာနဲ့ စိတ်ပူနေတာ..”

“ကိုယ် ညနေ ၆ နာရီလောက်က ရောက်တယ် ခရဲ့၊ ရောက်ရောက်ချင်း ဒီကလူကြီးတွေနဲ့ စကားပြောနေရတာ နဲ့ ခဆီ ဖုန်းမဆက်ဖြစ်သေးတာ၊ အခန်းထဲ ရောက်တာနဲ့ ဆက်မလို့ပါပဲ..”

“ခုမှ ခဖုန်းခေါ်နေတဲ့အသံ မကြားဘူးလား”

“ကိုယ် နွယ်နှင်းဆီ အခန်းထဲ ရောက်နေတာနဲ့ မကြားလိုက်ဘူး၊ အိတ်က ဧည့်ခန်းထဲမှာ ထားပစ်ခဲ့တာလေ”

ခဘက်က တိတ်ဆိတ်သွားသည်။ တစ်ဆက်တည်း အသက်ရှူသံပြင်းပြင်းကို ကြားရသည်။ ဂုဏ်ရောင်က ကိုယ့်စကား မရှင်းမလင်း ဖြစ်သွားတာကို ခုမှ သတိရမိ၍ ပြုံးမိရင်း..

“ဟော့..ဘာလို့ တိတ်သွားတာလဲ၊ မဟုတ်တာတွေ လျှောက်တွေးမနေနဲ့၊ နွယ်နှင်းဆီက အရမ်းဖျားနေလို့ ဒေါ်လေးရှင်က ဝင်ကြည့်ပေးပါဆိုလို့ ဝင်ကြည့်ပေးရတာ ပြီးတော့ အခြေအနေက ဘယ်လိုမှန်းမသိတာနဲ့ သူတို့လည်း အကူအညီလိုနေကြချိန်ဆိုတော့ ဒီမှာပဲ အိပ်လိုက်ရတော့မယ်”

“သူကလည်း ဂုဏ်ရောင် ရောက်တဲ့နေ့မှ ဖျားရတယ်လို့နော်”

ခက ညည်းညူသလိုလေး ပြောလိုက်ပြီးမှ..

"ဂုဏ်ရောင်.."

"ပြောလေ ခ ရဲ့"

"နွယ်နှင်းဆီက လှလားဟင်"

"အင်း....လှပါတယ်"

"ခ ထက် လှလား"

"ဟောဗျာ.. ကလေးလို ကပ်မေးနေပြန်ပြီ၊ မရှက်ဘူးလား"

"ခ မေးတာ ဖြေပါ"

"ကိုယ့်မျက်စိထဲတော့ ကိုယ့်ချစ်သူထက် ဘယ်သူမှ ပိုမလှပါဘူး ခ ရယ်"

"အဲ့ဒါ အလိမ္မာနဲ့ ဖြေတာပါ"

ခ အပြောကြောင့် ဂုဏ်ရောင် ပြုံးမိသည်။ နွယ်နှင်းဆီက ပိုလှတယ်ဆိုတာ ဖြေလိုက်ရင် ခ စိတ်ပူမှာစိုးတာမို့ အမှန်အတိုင်းတော့ မဖြေချင်..။

"သူ့အခန်းထဲ ဝင်ပြီး ဂုဏ်ရောင်က ဘာလုပ်ပေးရတာ လဲ"

"ရေ. အဲ..."

အားပါး..ပြဿနာပဲ။ ဘယ်လိုဖြေရမှာလဲ။ ဒီကိစ္စကို အမှန်အတိုင်း ဖြေမိရင် ပြဿနာ တက်နိုင်သည်လေ။ ကိုယ်က သဘောရိုးနဲ့ လုပ်ပေးခဲ့ပေမယ့် ခက တောင်တောင်အီအီ လျှောက်စဉ်းစား ပူပန်တော့မှာပင်။ မုသားချိုလောက်တော့ သုံးမှဖြစ်မည်။

"ရေ...ဘာဖြစ်လဲ"

"ကိုယ်သိပ်ပူနေရင် ရေခဲဝတ်လေး အုပ်ပေးဖို့ ဒေါ်လေးရှင်ကို

ပြောရတာ ပေါ့ကွာ။ ခဏပါပဲ…ခဏလေးပဲ သတင်းမေးပြီး ပြန်ထွက်လာတာ..”

“ခဏ ဟုတ်လို့လား၊ ခ ဖုန်းခေါ်နေတာ ၁၅ မိနစ်လောက် ကြာတယ်”

“ဖုန်းက ring သံ တိုးပြီး ဘိုင်ဗရေးရှင်းနဲ့ ထားထားတော့ လူကြီးတွေနဲ့ အာရုံစိုက် စကားပြောနေရင် မကြားတော့ဘူးလေ”

ညာရတဲ့အတွက် စိတ်တော့ မကောင်းပါဘူး ခရယ်၊ ဒါပေမယ့် ကိုယ်မညာရင် ခပဲ စိတ်ပင် ပန်းနေမှာ စိုးလို့ပါ။

“ပြောရော ပြောပြီးပြီလားဟင်”

“ဘာကိုလဲ..”

“ဂုဏ်ရောင့်မှာ ချစ်သူရှိတဲ့အကြောင်း..”

“ဟောဗျာ..ခရီးရောက်မဆိုက်ကြီး ပြောလို့ ဘယ်ဖြစ်ပါ့မလဲ”

“နွယ်နှင်းဆီကို မပြောသေးရင်တောင် လူကြီးတွေကို ဖွင့်ပြောလိုက်ပေါ့..”

“လူကြီးတွေကိုယ်တိုင်က ကိုယ့်ကို အားကိုးမျှော်လင့်နေတာဆိုတော့ ချက်ချင်း ပြောရမှာ အားနာလို့ပါ”

“လာပြီ..ဒီအားနာတာက၊ ရှေ့ရေးတော့ ရင်လေးသေးတယ်၊ ဒါနဲ့ ပြန်မယ့်ရက်ကရော”

“ခုမှ ရောက်တာလေ၊ ပြန်မယ့်ရက်ကို ဘယ်မှန်းနိုင်ပါဦးမလဲ ခရယ်၊ ဘာလဲ..ခက ကိုယ့်ကို လွမ်းနေပြီလား”

“လွမ်းတာက တစ်ဝက်၊ စိတ်ပူ ဝန်တိုရတာ က တစ်ဝက်”

“ကိုယ်ကတော့ လွမ်းတာက တစ်ဝက်၊ ချစ်တာက တစ်ဝက်”

“အပေါင်း..”

ခရယ်သံလေး ကြားရသည်။ ဒါ သဘောကျ ကျေနပ်လို့ ရယ်တဲ့အသံဆိုတာ ဂုဏ်ရောင်က အလွတ်ရပါသည်။

"ခ အခု ဘယ်ရောက်နေလဲ"

"ဂုဏ်ရောင့်ဆိုင်မှာပဲ ရှိသေးတယ်"

"မိုးချုပ်နေပြီ ပြန်တော့လေ ခ ၊ ခ လည်း ဟိုဆိုင်တစ်ဖက် ဒီဆိုင်တစ်ဖက်နဲ့ ပင်ပန်းနေပြီ"

"မပင်ပန်းပါဘူး၊ ဂုဏ်ရောင့်ဆိုင်ထဲရောက်ရင် ဂုဏ်ရောင့်အငွေ့အသက်လေးတွေ ရှိနေသလို ခံစားရလို့ ခ ပျော်ပါတယ်"

"ခ..လေး.. ကလေးလေး.."

ဂုဏ်ရောင်က ခ အပြောကို ကြည်နူးလျက် ချစ်စနိုး ရေရွတ်မိပါသည်။

"လူကို ခုပဲ ပြန်ပြေးလာချင်စိတ်ပေါက်အောင် ပြောနေပြန်ပြီကွာ"

"ပြန်ပြေးမလာချင်တော့တဲ့ စိတ်မျိုး မပေါက်ပါစေနဲ့လို့လည်း ခက ဆုတောင်းနေပါတယ်"

"ခက ခနဲ့တယ်ကွာ၊ နားလည်သားနဲ့"

ခဟာ နားမလည် မသိတတ်တာလည်း မဟုတ်ဘဲ တမင် ရစ်ချင် ဂျစ်ချင် ဂျီကျချင်တာ ကလေးတွေကြောင့် စကားကို ကပ်သပ်လျက် မနိုင်နိုင်အောင် ပြောတတ်သူပင်..။

"ကဲ..ခလည်း ပြန်တော့မယ်နော် ဂုဏ်ရောင်၊ ဖုန်းချလိုက်တော့မယ်၊ ခရဲ့ ဂုဏ်ရောင်လေး အန္တရာယ်ကင်း ဘေးရှင်း အားနာစိတ်တွေလည်း ကင်းပါစေ"

ခက ခပ်ထေ့ထေ့လေးပြောပြီး ဖုန်းချသွားလေသည်။

ဂုဏ်ရာင်တို့ စုံတွဲဟာ တွဲလာတာလည်း နှစ်ကြာပြီမို့ ညည

မိုးအလင်းနီးပါး ဇိမ်ဆွဲပြီး ဖုန်းတွေ ပြောသည့်အဆင့်တော့ မဟုတ်တော့ပေ။ ချစ်သူလိုအပြင် မိတ်ဆွေရင်းချာလို ဖြစ်နေတော့ တာမို့ ပြောစရာရှိပြော၊ အတူ ထမင်းထွက်စား၊ သူ့အလုပ် ကိုယ့်အလုပ် အဖော်လိုက်ပေး၊ ကူညီပေး..စသဖြင့် မိသားစု ရင်းခြားတွေလို သံယောဇဉ်လည်း ကြာရှည် နှောင်ဖွဲ့မြဲခိုင်နေပြီးသား ဖြစ်ပါသည်။

အဲ့ဒီညက ဒေါ်လေးရှင် ပြင်ပေးသည့် ညစာကို နည်းနည်းပါးပါး စားပြီး ဂုဏ်ရောင်လည်း ခရီးပမ်းလာတာမို့ စောစော အိပ်သွားခဲ့ပါသည်။

*****

(၅)

"ဒေါက်..ဒေါက်"

"မောင်ဂုဏ်ရောင်၊ မောင်ဂုဏ်ရောင်"

တံခါးခေါက်သံ၊ ခေါ်သံများနှင့်အတူ ဂုဏ်ရောင် နိုးလာသည်။ နိုးနိုးချင်း အိပ်ရာအပြောင်း အလဲမှာ ဇဝေဇဝါဖြစ်ရပေမယ့် ချက်ချင်းပင် သတိဝင်လာကာ မီးခလုတ်ကို လှမ်းဖွင့်လိုက်သည်။ နာရီကြည့်တော့ မနက် ၃ နာရီ။

နွယ်နှင်းဆီ တစ်ခုခုဖြစ်လို့သာ လာနှိုးတာပဲဟု တွေးရင်း ဂုဏ်ရောင်က တံခါး အမြန်ပြေးဖွင့်လိုက်ပါသည်။

"မောင်ဂုဏ်ရောင် နှိုးရတာ တော့ အားနာတယ်၊ သမီးချော အပူကြီးပြီး သတိလစ်သွားလို့ကွယ်"

"ဟင်..ဒါဆို ဆေးရုံပို့မှ ဖြစ်မှာပေ့ါ"

ဂုဏ်ရောင်က အလွယ်တကူ ပုဆိုးတစ်ထည်လဲဝတ်၊ ဂျာကင်တစ်ထည် ထပ်ဝတ်ပြီး အခန်းထဲမှ အမြန်ထွက်ရသည်။

"နွယ်နှင်းဆီ..နွယ်နှင်းဆီ"

နွယ်နှင်းဆီရဲ့ အခန်းထဲရောက်လောတော့ အခြေအနေက စိုးရိမ်ဖွယ်ရာပင်။ သူမကို လုံးဝ ခေါ်မရတော့ပါ။

"ကဲ..ဆေးခန်းပို့မှ ဖြစ်မယ်"

"ဘယ်..ဘယ်ဆေးခန်းပို့မှာလဲ"

“ဒီနားနီးပြီး ၂၄ နာရီဖွင့်တဲ့ ဆေးခန်းပဲ ပို့ရမှာပေါ့၊ ဪ..သုခကမ္ဘာရှိသားပဲ၊ ဦးမင်းခိုင်ရေ နွယ်နှင်းဆီကို ကျွန်တော့်ကားပေါ် ပွေ့တင်ပေးပါ”

“ဟာ..ဦးလေး ဘယ်နိုင်ပါ့မလဲ ငါ့တူရဲ့၊ ဦးလေး ဗလလည်း ကြည့်ပါဦး”

ပိန်ပိန်ညှက်ညှက် ဦးမင်းခိုင်က အကြောက်အကန် ငြင်းသည်။

“မင်းပဲ ပွေ့လိုက်ပါကွာ”

“ဖြစ်ပါ့မလား၊ နွယ်နှင်းဆီက မကြိုက်ရင်..”

“ကြိုက်ကြိုက်၊ မကြိုက်ကြိုက် သူမှမသိဘဲကွာ၊ သတိလစ်နေတာပဲဟာ”

ဂုဏ်ရောင်လည်း မတတ်သာတာမို့ နွယ်နှင်းဆီကို ပွေ့ပြီး ကားပေါ်တင်လိုက်ရသည်။ ယောကျ်ားသနာရှေ့မှာ ရှက်ရှိန် လန့်ကြောက်နေတတ်သော နွယ်နှင်းဆီကို ပွေ့ရကာ အားတော့ နာသော်လည်း မတတ်သာပြီ။

ထိုညမှာ ဂုဏ်ရောင်ရော ဒေါ်လေးရှင်တို့ လင်မယားပါ ဆေးရုံမှာ စောင့်အိပ်လိုက်ကြရ သည်။ နွယ်နှင်းဆီလည်း ပြန်သတိရလာပြီး နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်သွားသည်။

မနက်ကျတော့ ဆရာဝန်က ညနေဆို ဆင်းနိုင်ကြောင်း ပြောသည်။

ဒေါ်လေးရှင်က..

“ကဲ..ညနေအထိတော့ ဆေးရုံမှာ အဒေါ်ပဲ နေပေးလိုက်မယ်၊ မောင်ဂုဏ်ရောင်နဲ့ ကိုမင်းနိုင်က အိမ်ပြန်တော့၊ ဂုဏ်ရောင်ကတော့ နားပစေ၊ ကိုမင်းခိုင်က ကျွန်မတို့ စားဖို့ တစ်ခုခု စီစဉ်ပြီး ပြန်လာခဲ့၊ ဟယ်..ကြည့်စမ်း ခုမှ သတိရတယ်၊ ဒီနေ့ အိမ်ငှားတဲ့ကိစ္စတွေ လုပ်ရဦးမယ်၊ ကိုမင်းခိုင်ရေ ဧည့်သည်လာရင် ရှင်ပဲ မောင်ဂုဏ်ရောင်နဲ့ တိုင်ပင်ပြီး ကြည့်ကျက်လုပ်လိုက်နော်”

"အေးပါကွာ.."

မနက် ၁၀ နာရီလောက်မှာပဲ ဂုဏ်ရောင်နှင့် ဦးမင်းခိုင်က အိမ်ပြန်လာခဲ့သည်။

အိမ်ရောက်တော့ ဦးမင်းခိုင်က စားဖို့သောက်ဖို့ စီစဉ်ပြီး ရေချိုးခန်း ဝင်သွားသည်။ ထိုအချိန်မှာပဲ အိမ်ရှေ့ကခြံတံခါးနှင့် ဆက်သွယ်ထားသော ဘဲလ်က အသံမြည်လာသည်။ ဂုဏ်ရောင်က ရေချိုးခန်းဘက် လှည့်အော်ရသည်။

"ဦးလေးရေ.."

"ဟေ..."

"ခြံရှေ့မှာ ညွှန့်သည်ထင်တယ်"

"ဩော်..အိမ်ကိစ္စတွေ လာပြောတဲ့သူ ထင်တယ်၊ တံခါး ဖွင့်ပေးလိုက်ပါကွာ"

ဂုဏ်ရောင်က တံခါးသွားဖွင့်ပေးပြီး ညွှန့်သည်ကို ဖိတ်ခေါ်လာရသည်။ ညွှန့်သည်ကလည်း ဂုဏ်ရောင့်ကိုပဲ ပြောရေးဆိုခွင့်ရှိသူဟုထင်ကာ တရစပ် ပြောလာပါသည်။

"အိမ်ငှားက နည်းနည်းလောနေလို့ လာရတာ ပါကွယ်၊ အရင် အိမ်ငှားတွေက ပစ်စလတ်ခတ် လုပ်သွားတော့ အိမ်အကောင်းကြီးက ပျက်စီးကျန်ခဲ့တယ်၊ ပါကေးတွေကအစ သိပ်မကောင်းတော့ဘူး၊ နံရံတွေလည်း သံရိုက်ရာ ဗရပွနဲ့ ညစ်ပတ်နေတယ်၊ အခု ငှားမယ့်သူတွေက ကုမ္ပဏီ ရုံးခန်းဖွင့်ဖို့တဲ့၊ ပြောတဲ့ဈေးကိုတော့ ဆစ်တောင် မဆစ်ဘူး၊ လက်ခံပါတယ် ဒါပေမယ့် အိမ်ကိုတော့ သေချာပြန်ပြင်ပေးရမယ်တဲ့ ပြင်ပြီးတာနဲ့ သူတို့လည်း ချက်ချင်း စာချုပ်ချုပ်ပြီး တက်ဖို့ပါပဲ၊ အဲ့ဒီတော့.."

"ခဏလေးခင်ဗျ၊ အိမ်ရှင် လာပါလိမ့်မယ်၊ ကျွန်တော်က ညွှန့်သည်ပါ"

"ဪ..အန်တီက ငါ့တူကို မစောနန်းရဲ့ ဆွေမျိုးသားချင်း ထင်လို့ပါ၊ မစောနန်း မဆုံးခင်ကတည်းက မစောနန်းပိုင်တဲ့ အိမ်တွေ ငှားတဲ့ကိစ္စကို အန်တီပဲ လုပ်ပေးလာခဲ့တာလေ"

"ဪ..ဪ"

ဂုဏ်ရောင်က ဘာမှမသိသူမို့ ခေါင်းပဲညိတ်ရသည်။ ခဏနေတော့ ဦးမင်းခိုင် ထွက်လာပါသည်။

"ဦးလေး ဒီမှာ အိမ်ပြင်ဖို့ကိစ္စ လာပြောနေတယ်"

"ဟေ..အဲဒါမှ ဒုက္ခပဲ၊ ငါလည်း ဘာမှမလုပ်တတ်ဘူး၊ အရင်က မစောနန်းပဲ လုပ်နေတာ၊ မစောနန်း ဆုံးပြီးမှ ဒီလို အိမ်ကိစ္စအရေးပေါ်တာ ဒါပထမဆုံးပဲ၊ ဒီကိစ္စတွေကို မလေးရှင်လည်း နားလည်တာမဟုတ်ဘူး၊ မင်းပဲ ကြည့်ကျက်လုပ်လိုက်ပါကွာ၊ ပိုက်ဆံကိစ္စ စာချုပ်ကိစ္စကတော့ မစောနန်း ရှေ့နေရှိတယ်၊ သူနဲ့ တိုင်ပင်လုပ်ပေါ့"

"နွယ်နှင်းဆီကို သတိပေးရမယ် မဟုတ်လား"

"သူက ဘာသိမှာလဲ၊ ကလေးသာသာရယ်၊ ပြောသမျှ ခေါင်းညိတ်ရုံကလွဲပြီး ဘာမှ မပြောတတ်တာမှ မဟုတ်တာ"

ဪ..ရင်လေးစရာကြီးပါလား။ တစ်ဦးတည်းသော အားကိုးရာ အမေက ရုတ်တရက် ဆုံးတော့ သမီးဖြစ်သူကလည်း ဘာမှမသိ၊ ကျန်ခဲ့တဲ့ လူကြီးနှစ်ယောက်ကလည်း ရိုးသားပြီး သစ္စာရှိပေမယ့် ဘာမှနားမလည်။ ဒီပုံအတိုင်း ဆက်သွားရင် ဘာတွေဖြစ်ကုန်မလဲ မသိပါ။

နောက်ဆုံးတော့ ဂုဏ်ရောင့်ခေါင်းပေါ်ပဲ အထုပ်ကျလာသည်။ အိမ်ပြင်ဖို့ကိစ္စကို ဂုဏ်ရောင်ပဲ တာဝန်ခံရသည်။

အဲ့ဒီနေ့က အကျိုးဆောင် အဒေါ်ကြီးနှင့်အတူ လိုက်သွားပြီး

အိမ်သွားကြည့် ပြင်ဖို့လိုအပ်တာတွေ စီစဉ်၊ ငှားမည့်သူတွေနှင့် တစ်ခါတွေ့ ဖတ်ဖတ်ကို မောသွားသည်။

အမောမှ မပြေရသေးခင် ခဆီက ဖုန်းဝင်လာပါသည်။

"ဂုဏ်ရောင်.."

"ခ...."

"အဆင်ပြေရဲ့လား"

"ပြေပါတယ် ခရယ်"

"ခ မေးတဲ့ သဘောက ဂုဏ်ရောင်နဲ့ စဉ်းစားတိုင်ပင်ထားသလို ကူညီသင့်တာ ကူညီပြီး အလိမ္မာလေးနဲ့ ရှောင်ထွက်ဖို့ အခြေအနေပေးရဲ့လားလို့ မေးတာနော်၊ နွယ်နှင်းဆီနဲ့ အဆင်ပြေရဲ့လားလို့ မေးတာမဟုတ်ဘူး၊ နွယ်နှင်းဆီနဲ့တော့ တအား မရင်းနှီးအောင် နေ.."

"အေးပါကွာ.."

"ဂုဏ်ရောင့်အသံက စိတ်မောနေတဲ့ အသံကြီး.."

"နည်းနည်း အလုပ်များလို့ပါ ခရယ်၊ ဒီမှာက လူကြီးတွေကလည်း အူအူအအနဲ့ ဘာမှ သိပ်နားမလည်ကြတော့ တချို့ကိစ္စလေးတွေ ကိုယ်ဝင်ပါနေရတယ်၊ ကိုယ်သာ ရောက်မလာရင် ဒေါ်စောနန်းနွယ် ကျန်ခဲ့တဲ့ ပိုင်ဆိုင်မှုတွေနဲ့ ဒီလူတွေနဲ့ကတော့ အလိမ်ပဲ ခံရမလား၊ ဘာတွေ ဖြစ်ကုန်ကြမလဲ မသိတော့ပါဘူး"

ခကလည်း တစ်ဖက်က သက်ပြင်းလေး ချလိုက်ပါသည်။

"ဒါဆို ဂုဏ်ရောင်က အဲ့ဒီအိမ်မှာပဲ ဆက်နေရမှာလား၊ ဟိုတယ်တစ်ခုခုမှာ တည်းပြီး သွားသွားတွေ့လို့ မရဘူးလား"

“အစတုန်းကတော့ အဲဒီ လိုလုပ်ဖို့ ရည်ရွယ်တာပါ၊ ဒါပေမယ့် ဒီရောက်တော့ နွယ်နှင်းဆီက နေမကောင်းတာရော၊ ဒီကလူကြီးတွေ ကြည့်ရတာ လည်း ဘာမှသိပ်နားလည်ပုံ မရတော့ သူတို့ လက်ရှိ အိမ်အခြေအနေကို အကဲခတ်ရင်း ဒီမှာပဲ အိပ်လိုက်ဖြစ်တာလေ၊ ညကလည်း နွယ်နှင်းဆီကို ဆေးရုံတင်လိုက်ရတယ်၊ ဒီနေ့ကျတော့ သူတို့ အိမ်တွေ ငှားထားတဲ့ကိစ္စတွေ ပေါ်လာလို့ ကိုယ်လိုက်လုပ်ပေးနေရတာ တစ်နေကုန်ပဲ၊ ခုမှ ပြီးတယ်”

“နွယ်နှင်းဆီက တော်တော် နေမကောင်းဖြစ်နေတာလား”

“အပူကြီးပြီး အဖျားတက်ရုံပါ၊ ဒီနေ့ညနေတောင် ဆေးရုံဆင်းလို့ ရပါပြီ”

“ဒုက္ခပါပဲ ဂုဏ်ရောင်ရယ်၊ သူတို့ ပြဿနာတွေကို ဘယ်လောက်တောင် ရှင်းပေးရဦးမှာလဲ၊ ဘယ်အချိန်ထိ အဲဒီ အိမ်မှာ နေပေးရမှာလဲ..”

“ကိုယ် ပြောမယ်လေ၊ ဒီက လူကြီးတွေကို ကိုယ် အပြင်မှာပဲ သွားနေပြီး သူတို့ဆီ လာလာတွေ့မယ့်အကြောင်း ပြောရမှာပေ့ါ၊ ခုတော့ နွယ်နှင်းဆီကလည်း သိပ်နေမကောင်းသေးဘူး၊ ချက်ချင်းကြီး ပြောရမှာတော့ အားနာတယ်”

“ပြောရမှာ အားနာရင် အစကတည်းက ဟိုတယ်ကို အရင်သွားပြီးမှ သူတို့အိမ် သွားလိုက်ရင်ရသားနဲ့..”

“ကိုယ်ကလည်း သူတို့ကို ခဏပဲဆိုပြီး ဝင်တွေ့လိုက်မိတာ၊ ပြီးမှ ဟိုတယ်မှာ အေးအေး ဆေးဆေး ပြန်နားမလို့ပါပဲ၊ ဒါပေမယ့် အခြေအနေတွေက ဒီလိုဖြစ်လာတယ်၊ ပြီးတော့ ဖေဖေ့ ဒိုင်ယာရီမှာ ရေးထားတယ် ခရယ်၊ ကိုယ့်ကို အဲ့ဒီအိမ်မှာပဲ သွားနေချင်တယ်တဲ့လေ”

“ဒါကတော့ ဂုဏ်ရောင်က ဂုဏ်ရောင့်ဖေဖေပြောသလို နွယ်နှင်းဆီကို သေချာပေါက် ယူမယ်မှတ်လို့ အဲဒီ လို ရေးထားတာပေ့ါ၊ မယူဘူး ဆုံးဖြတ်ထားရင်တော့ သွားနေဖို့ မသင့်ဘူးပေ့ါ”

“အေးပါကွာ…အေးပါ၊ ကိုယ်လည်း မနေဘူးလို့ပဲ စဉ်းစားထားတာပါ၊ အနေးနဲ့ အမြန်တော့ ကိုယ် ပြောင်းနေမှာပါ”

ဂုဏ်ရောင်မှာ ညကလည်း အိပ်ရေးပျက်၊ ဒီမနက်လည်း မနားရသေး၊ ဒီဘက်ကိုလည်း အားနာ၊ ခကိုလည်း စိတ်အေးစေချင်တာမို့ အခြေအနေတွေက ဘေးကျပ်နံကျပ်ရိုက်ကာ စိတ်တွေရှုပ်၊ ခေါင်းတွေမူးလာပါသည်။

“ဩော်..မွေးသဖခင်ရယ်…” ဟုပဲ ညည်းတွားကာ ဗီတိုအာဏာသုံး၍ ဒိုင်ယာရီစာအုပ်ထဲမှာ စာလုံးလေးတွေ စီရရီရေးချပစ်ခဲ့သော ဖေဖေ့ကိုပဲ အပြစ်တင်ရတော့မလို..။ မဖြစ်သေးပါဘူး၊ ဖေဖေလည်း သူ့ဘာသာ ကောင်းရာသုဂတိ လားပါစေတော့..၊ ဒီဘက်ကိစ္စတွေမှာ အကျပ်ရိုက် တိုင်း ဖေဖေ့ကို သတိရကာ အသည်းယားမနေချင်တော့ပါ။

ဂုဏ်ရောင်က လေပူတစ်ချက်ကို မှုတ်ထုတ်ရင်း နွယ်နှင်းဆီကို ကြိုဖို့ သုခကမ္ဘာ ဆေးခန်းသို့ ဦးတည်မောင်းနှင်လိုက်ရပါသည်။

*****